ရန်ကုန်မြို့
အဘိဓမ္မာပြန့်ပွားရေးအသင်း၏
ဩဝါဒါစရိယ

မန္တလေးမြို့၊ မစိုးရိမ် ဆရာတော် ဘုရား
ရေးသားချီးမြှင့်တော်မူအပ်သော

# မစိုးရိမ်
# မူလတန်းသင်္ဂြိုဟ်

ပထမဆင့် ၁-ပိုင်း

၃၁၃
၀၇

အဘိဓမ္မာပြန့်ပွားရေးအသင်းကထုတ်ဝေသည်
၁၃၁၆ ခု၊ 1955 တန်ခူးလ၊

"မူပိုင်"
COPYRIGHT, ALL RIGHTS RESERVED.

၂၁၈၂၅

ရန်ကုန်မြို့

အဘိဓမ္မာပြန့်ပွားရေးအသင်း၏

ဩဝါဒါစရိယ

မန္တလေးမြို့၊ မစိုးရိမ် ဆရာတော် ဘုရား

ရေးသားချီးမြှင့်တော်မူအပ်သော

## မစိုးရိမ်

# မူလတန်းသင်္ဂြိုဟ်

ပထမဆင့် ၃-ပိုင်း

အဘိဓမ္မာပြန့်ပွားရေးအသင်းကထုတ်ဝေသည်

၁၃၁၆ ခု၊ 1955 တန်ခူးလ၊

" မူပိုင် "

COPYRIGHT. ALL RIGHTS RESERVED.

A

၁၃၅၃-ခု ပုံနှိပ်ခြင်း
အုပ်ရေ ၅၀၀၀

စာရေးသူ

ဦးဖေမောင်တင် M.A., M.S., B.A.

ဆရာဒေါ်ခင်မြင့် B.A. (Hons), B.Ed.

သိမ်းမြှင့်ရေးကော်မတီ ကြည့်တိုက်

# အကြောင်းပြ နိဒါန စာတန်း။

မြတ်စွာဘုရား၏ အဆုံးအမ သုံးဝသော သာသနာတော်မြတ်ကြီး၌ ယထာဝမ္ဗသာသနာဟု ဆိုအပ်သော အဘိဓမ္မာသာသနာတော်မြတ်ကြီးကို စည်ပင်ပြန့်ပွားစေရန် အချိန်နှင့်အခါ ဉစ္စာနှင့် အင်အား သဒ္ဓါတရားနှင့် စေတနာ အလျောက် အမြဲကြိုးကုတ် အားသစ်လေ့ ရှိကြကုန်သော - ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေး အသင်းသူ အသင်းသား အပေါင်းတို့သည် မိမိတို့ အသင်းကြီး၏ နည်းပေးလမ်းပြ ဩဝါဒါစရိယ ဖြစ်တော်မူသော မန္တလေးမြို့ ကျေးဇူးရှင် မစိုးရိမ် ဆရာတော် ဘုရားကြီးအား အဘိဓမ္မာ ခုနစ်ကျမ်းကို အကျဉ်းချုံး၍ ရေးသား ထားအပ်သော အဘိဓမ္မတ္ထသင်္ဂဟ (ခေါ်) သင်္ဂြိုဟ်ကျမ်းကို အလွယ်တကူဖြင့် တတ်မြောက်လိုသူများ လေ့လာသင်ကြားနိုင်ကြစေရန်-ဥပါသကာ ဥပါသိကာများနှင့်သင့်လျော် လျောက်ပတ်စွာ ရေးသား ချီးမြှင့်တော် မူပါမည့် အကြောင်း ရိုသေစွာ ရှိခိုးလျှောက်ထား တောင်းပန်ကြပါသည်။

ထိုသို့လျှောက်ထား တောင်းပန်ချက်အရ- ကမ္ဘာ၏ မြေပုံကိုကြည့်၍ လူဘို့၏ ကမ္ဘာ့လောက တခုလုံးသို့ မြေပြင်မှ ခြေလျင်ခရီးဖြင့်သော်၎င်း,ရေပြင်မှ ရေယာဉ် ခရီးဖြင့်သော်၎င်း,ဝေဟင်မှ လေယာဉ် ခရီးဖြင့် သော်၎င်း, အနီး အဝေး အလိုရှိသလောက် ပေါက်ရောက်အောင် သွားလာလှည့်လည် နိုင်ကြသည့် ဥပမာကဲ့သို့- စာချဝါသ သမ္မာခနှင့် ဒကာ့ဖွဲ့နှောင် လူဝတ်ကြောင် ဥပါသကာ ဥပါသိကာ များပင် ဖြစ်စေကာမူ အဘိဓမ္မာ ဉာဏ်

အမြင်သန့်၍ မွေသင်္ဂဟ်အစ ပဋ္ဌာနအဆုံးရှိသော အဘိဓမ္မာ ကမ္ဘာလောကကြီးအတွင်း အချိန်နည်းနည်းဖြင့် အပြီးအပိုင် ချမ်းချမ်းသာသာ ကောင်းစွာလှည့်လည် ပျံ့သန်းလျက် အသိဉာဏ်ပွင့်လင်းနိုင်ကြစေရန် ရည်သန်သော စိတ်ထားဖြင့် ကျေးဇူးရှင် မိုးရိမ် ဆရာတော် ဘုရားက ဤ **မူလတန်းသင်္ဂြိုဟ်** ကျမ်းကို ရေးသား ချီးမြှင့်တော်မူပါသည်။

မြေပုံကိုကြည့်၍ ကမ္ဘာကိုလှည့်နိုင်ကြကုန်သော လောကီပညာရှိတို့ အလား-အဘိဓမ္မာ ခုနစ်ကျမ်းတည်းဟူသော ကမ္ဘာလောကကြီးကို လှည့်ပတ်ကြည့်ရှုနားလည်တတ်မြောက် လိုလားကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းတို့သည် အဘိဓမ္မာ မြေပုံနှင့် အလားတူသော ဤမူလတန်း သင်္ဂြိုဟ်ကျမ်း ပထမ ၃ ပိုင်းကို လွယ်လွယ် ကူကူ သင်ယူနိုင်ကြစေခြင်း အကျိုးငှာ ပုဒ်နေ ပုဒ်သွား အထား အသို ဆရာတော် ဘုရား၏ အလိုတော်ကျ တည်းဖြတ်၍၊ ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေး အသင်းက ကောင်းမွန် သပ်ယပ် စက်တင် ပုံနှိပ်အပ်ပါသတည်း။

၁၃၁၆-ခု၊ တန်ခူးလဆန်း ၅-ရက်။

အဘိဓမ္မာပြန့်ပွားရေးအသင်း၊
ရန်ကုန်မြို့။

မစိုးရိမ်

# မူလတန်းသင်္ဂြိုဟ်

•••○O○•••

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## စိတ်ပိုင်း

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပရမတ္ထတရား ၄ ပါး။

| | |
|---|---|
| ကာမာဝစရစိတ် | ၅၄ |
| ရူပါဝစရစိတ် | ၁၅ |
| အရူပါဝစရစိတ် | ၁၂ |
| လောကုတ္တရာစိတ် | ၈ |
| ပေါင်းစိတ် | ၈၉ |

### အကုသိုလ်စိတ် ၁၂

| | |
|---|---|
| သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ် | ၁ |
| သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ် | ၁ |
| သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ် | ၁ |
| သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ် | ၁ |
| ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ် | ၁ |
| ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ် | ၁ |
| ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ် | ၁ |
| ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ် | ၁ |
| ပေါင်း လောဘမူစိတ် | ၈ |
| ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် | ၁ |

ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁
ပေါင်း ဒေါသမူစိတ် ၂
ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် ၁
ဥပေက္ခာ သဟဂုတ် ဥဒ္ဓစ္စ သမ္ပယုတ်စိတ် ၁
ပေါင်း မောဟမူစိတ် ၂

လောဘမူစိတ် ၈
ဒေါသမူစိတ် ၂
မောဟမူစိတ် ၂
ပေါင်း အကုသိုလ်စိတ် ၁၂

## အဟိတ်စိတ် ၁၈

ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်စိတ် ၁
ဥပေက္ခာ သဟဂုတ် သောတဝိညာဏ်စိတ် ၁
ဥပေက္ခာ သဟဂုတ် ဃာနဝိညာဏ်စိတ် ၁
ဥပေက္ခာ သဟဂုတ် ဇိဝှါဝိညာဏ်စိတ် ၁
ဒုက္ခ သဟဂုတ် ကာယဝိညာဏ်စိတ် ၁
ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆန်းစိတ် ၁
ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် ၁
ပေါင်း အကုသလဝိပါက်စိတ် ၇
ဥပေက္ခာ သဟဂုတ် ကုသလဝိပါက် စက္ခုဝိညာဏ်စိတ် ၁
ဥပေက္ခာ သဟဂုတ် ကုသလဝိပါက် သောတဝိညာဏ်စိတ် ၁
ဥပေက္ခာ သဟဂုတ် ကုသလဝိပါက် ဃာနဝိညာဏ်စိတ် ၁
ဥပေက္ခာ သဟဂုတ် ကုသလဝိပါက် ဇိဝှါဝိညာဏ်စိတ် ၁
သုခ သဟဂုတ် ကုသလဝိပါက် ကာယဝိညာဏ်စိတ် ၁
ဥပေက္ခာ သဟဂုတ် ကုသလဝိပါက် သမ္ပဋိစ္ဆန်းစိတ် ၁

သောမနဿ သဟဂုတ် ကုသလဝိပါက် သန္တီရဏစိတ် ၁
ဥပေက္ခာ သဟဂုတ် ကုသလဝိပါက် သန္တီရဏစိတ် ၁
ပေါင်း အဟိတ်ကုသလဝိပါက်စိတ် ၈
ဥပေက္ခာ သဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁
ဥပေက္ခာ သဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် ၁
သောမနဿ သဟဂုတ် ဟသိတုပ္ပါဒ်စိတ် ၁
ပေါင်း အဟိတ်ကြိယာစိတ် ၃

အကုသလဝိပါက်စိတ် ၇
အဟိတ် ကုသလဝိပါက်စိတ် ၈
အဟိတ် ကြိယာစိတ် ၃
ပေါင်း အဟိတ်စိတ် ၁၈

•••○○○•••

အကုသိုလ်စိတ် ၁၂
အဟိတ်စိတ် ၁၈
ပေါင်း အသောဘဏစိတ် ၃၀

---

## ကာမာဝစရ သောဘဏစိတ် ၂၄

သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁
သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁
ပေါင်း မဟာကုသိုလ်စိတ် ၈

သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁
သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁
ပေါင်း မဟာဝိပါက်စိတ် ၈

သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁
သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁
ပေါင်း မဟာကြိယာစိတ် ၈

မဟာကုသိုလ်စိတ် ၈
မဟာဝိပါက်စိတ် ၈
မဟာကြိယာစိတ် ၈
ပေါင်း ကာမာဝစရသောဘဏစိတ် ၂၄

ကာမေ တေဝီသ ပါကာနိ၊ ပုညာ•ပုညာနိ ဝီသတိ။
ဧကာဒသ ကြိယာစေတိ၊ စတုပညာသ သဗ္ဗထာ။ ။

**ကာမေ တေဝီသ ပါကာနိ** ၌ ကာမဝိပါက် ၂၃ အရကား- အကုသလဝိပါက်စိတ် ၇, အဟိတ်ကုသလဝိပါက်စိတ် ၈, မဟာဝိပါက်စိတ် ၈ ခု တည်း။

**ပုညာ·ပုညာနိ ဝီသတိ** ၌ ဝီသတိအရကား- မဟာကုသိုလ်စိတ် ၈, အကုသိုလ်စိတ် ၁၂ တည်း။

**ဧကာဒသ ကြိယာ** ၌ ကာမကြိယာ ၁၁ အရကား- အဟိတ်ကြိယာစိတ် ၃, မဟာကြိယာစိတ် ၈ ခုတည်း။

**စတုပညာသ သဗ္ဗထာ** ၌ ကာမစိတ် ၅၄ ခု အရကား- ကာမဝိပါက် ၂၃, ကာမကုသိုလ် အကုသိုလ် ၂၀, ကာမကြိယာ ၁၁ တည်း။

## ရူပါဝစရစိတ် ၁၅

ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ,ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော ပဌမဈာန် ကုသိုလ်စိတ် ၁

ဝိစာရ,ပီတိ,သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ် ၁

ပီတိ,သုခ,ဧကဂ္ဂတာ, ဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယဈာန် ကုသိုလ်စိတ် ၁

သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ် ၁

ဥပေက္ခာ,ဧကဂ္ဂတာ, ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ် ၁

ပေါင်း၊ ရူပါဝစရကုသိုလ်စိတ် ၅

ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ,ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော ပထမဈာန်ဝိပါက်စိတ် ၁

ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ, ဈာန်အင်္ဂါလေးပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် ဝိပါက်စိတ် ၁

ပီတိ,သုခ,ဧကဂ္ဂတာ,ဈာန်အင်္ဂါ ၃-ပါးနှင့်တကွ ဖြစ်သော တတိယဈာန် ဝိပါက်စိတ် ၁

သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန် ဝိပါက်စိတ် ၁

ဥပေက္ခာ,ဧကဂ္ဂတာ, ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန် ဝိပါက်စိတ် ၁

ပေါင်း ရူပါဝစရ ဝိပါက်စိတ် ၅

ဝိတက်,ဝိစာရ, ပီတိ,သုခ,ဧကဂ္ဂတာ,ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော ပထမဈာန် ကြိယာစိတ် ၁

ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ,ဈာန်အင်္ဂါ ၄-ပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် ကြိယာစိတ် ၁

ပီတိ,သုခ,ဧကဂ္ဂတာ,ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော တတိယဈာန် ကြိယာစိတ် ၁

သုခ,ဧကဂ္ဂတာ, ဈာန်အင်္ဂါ ၂-ပါးနှင့် တကွ ဖြစ်သော စတုတ္ထဈာန် ကြိယာစိတ် ၁

ဥပေက္ခာ,ဧကဂ္ဂတာ,ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် ကြိယာစိတ် ၁

ပေါင်း ရူပါဝစရ ကြိယာစိတ် ၅

ရူပါဝစရကုသိုလ်စိတ် ၅

ရူပါဝစရဝိပါက်စိတ် ၅

ရူပါဝစရကြိယာစိတ် ၅

ပေါင်း ရူပါဝစရစိတ် ၁၅

## အရူပါဝစရစိတ် ၁၂

| | | |
|---|---|---|
| အာကာသာနဉ္စာယတန | ကုသိုလ်စိတ် | ၁ |
| ဝိညာဏဉ္စာယတန | ကုသိုလ်စိတ် | ၁ |
| အာကိဉ္စညာယတန | ကုသိုလ်စိတ် | ၁ |
| နေဝသညာ နာသညာယတန | ကုသိုလ်စိတ် | ၁ |
| ပေါင်း အရူပါဝစရကုသိုလ်စိတ် | | ၄ |
| အာကာသာနဉ္စာယတန | ဝိပါက်စိတ် | ၁ |
| ဝိညာဏဉ္စာယတန | ဝိပါက်စိတ် | ၁ |
| အာကိဉ္စညာယတန | ဝိပါက်စိတ် | ၁ |
| နေဝသညာ နာသညာ ယတန | ဝိပါက်စိတ် | ၁ |
| ပေါင်း အရူပါဝစရဝိပါက်စိတ် | | ၄ |
| အာကာသာနဉ္စာယတန | ကြိယာစိတ် | ၁ |
| ဝိညာဏဉ္စာယတန | ကြိယာစိတ် | ၁ |
| အာကိဉ္စညာယတန | ကြိယာစိတ် | ၁ |
| နေဝသညာ နာသညာ ယတန | ကြိယာစိတ် | ၁ |
| ပေါင်း အရူပါဝစရကြိယာစိတ် | | ၄ |

အရူပါဝစရ ကုသိုလ်စိတ် ၄

အရူပါဝစရ ဝိပါက်စိတ် ၄

အရူပါဝစရ ကြိယာစိတ် ၄

ပေါင်း အရူပါဝစရစိတ် ၁၂

မဟဂ္ဂုတ်စိတ်ပေါင်း ၂၇= ရူပါဝစရစိတ်- ၁၅, အရူပါဝစရစိတ် ၁၂-တည်း။

## လောကီစိတ် ၈၁


အကုသိုလ်စိတ် ၁၂

အဟိတ်စိတ် ၁၈

ကာမာဝစရသောဘဏစိတ် ၂၄

ရူပါဝစရစိတ် ၁၅

အရူပါဝစရစိတ် ၁၂

ပေါင်း လောကီစိတ် ၈၁


## လောကုတ္တရာစိတ် ၈


သောတာပတ္တိမဂ်စိတ် ၁

သကဒါဂါမိမဂ်စိတ် ၁

အနာဂါမိမဂ်စိတ် ၁

အရဟတ္တမဂ်စိတ် ၁

ပေါင်း လောကုတ္တရာကုသိုလ်စိတ် ၄

သောတာပတ္တိဖိုလ်စိတ် ၁

သကဒါဂါမိဖိုလ်စိတ် ၁

အနာဂါမိဖိုလ်စိတ် ၁

အရဟတ္တဖိုလ်စိတ် ၁

ပေါင်း လောကုတ္တရာဝိပါက်စိတ် ၄

လောကုတ္တရာ ကုသိုလ်စိတ် ၄

လောကုတ္တရာ ဝိပါက်စိတ် ၄

ပေါင်း အကျဉ်းအားဖြင့် လောကုတ္တရာစိတ် ၈


## စိတ်အကျဉ်း ၈၉


လောကီစိတ် ၈၁

လောကုတ္တရာစိတ် ၈

ပေါင်း အကျဉ်းအားဖြင့်စိတ် ၈၉

## လောကုတ္တရာစိတ်အကျယ် ၄၀

| | | |
|---|---|---|
| ပထမဈာန် | သောတာပတ္တိမဂ်စိတ် | ၁ |
| ဒုတိယဈာန် | သောတာပတ္တိမဂ်စိတ် | ၁ |
| တတိယဈာန် | သောတာပတ္တိမဂ်စိတ် | ၁ |
| စတုတ္ထဈာန် | သောတာပတ္တိမဂ်စိတ် | ၁ |
| ပဉ္စမဈာန် | သောတာပတ္တိမဂ်စိတ် | ၁ |
| | ပေါင်း သောတာပတ္တိမဂ်စိတ် | ၅ |
| ပထမဈာန် | သကဒါဂါမိမဂ်စိတ် | ၁ |
| ဒုတိယဈာန် | သကဒါဂါမိမဂ်စိတ် | ၁ |
| တတိယဈာန် | သကဒါဂါမိမဂ်စိတ် | ၁ |
| စတုတ္ထဈာန် | သကဒါဂါမိမဂ်စိတ် | ၁ |
| ပဉ္စမဈာန် | သကဒါဂါမိမဂ်စိတ် | ၁ |
| | ပေါင်း သကဒါဂါမိမဂ်စိတ် | ၅ |
| ပထမဈာန် | အနာဂါမိမဂ်စိတ် | ၁ |
| ဒုတိယဈာန် | အနာဂါမိမဂ်စိတ် | ၁ |
| တတိယဈာန် | အနာဂါမိမဂ်စိတ် | ၁ |
| စတုတ္ထဈာန် | အနာဂါမိမဂ်စိတ် | ၁ |
| ပဉ္စမဈာန် | အနာဂါမိမဂ်စိတ် | ၁ |
| | ပေါင်း အနာဂါမိမဂ်စိတ် | ၅ |
| ပထမဈာန် | အရဟတ္တမဂ်စိတ် | ၁ |
| ဒုတိယဈာန် | အရဟတ္တမဂ်စိတ် | ၁ |
| တတိယဈာန် | အရဟတ္တမဂ်စိတ် | ၁ |
| စတုတ္ထဈာန် | အရဟတ္တမဂ်စိတ် | ၁ |
| ပဉ္စမဈာန် | အရဟတ္တမဂ်စိတ် | ၁ |
| | ပေါင်း အရဟတ္တမဂ်စိတ် | ၅ |

| | | |
|---|---|---|
| သောတာပတ္တိမဂ်စိတ် | | ၁ |
| သကဒါဂါမိမဂ်စိတ် | | ၁ |
| အနာဂါမိမဂ်စိတ် | | ၁ |
| အရဟတ္တမဂ်စိတ် | | ၁ |
| | ပေါင်း လောကုတ္တရာကုသိုလ်စိတ် | ၂၀ |
| ပထမဈာန် | သောတာပတ္တိဖိုလ်စိတ် | ၁ |
| ဒုတိယဈာန် | သောတာပတ္တိဖိုလ်စိတ် | ၁ |
| တတိယဈာန် | သောတာပတ္တိဖိုလ်စိတ် | ၁ |
| စတုတ္ထဈာန် | သောတာပတ္တိဖိုလ်စိတ် | ၁ |
| ပဉ္စမဈာန် | သောတာပတ္တိဖိုလ်စိတ် | ၁ |
| | ပေါင်း သောတာပတ္တိဖိုလ်စိတ် | ၅ |
| ပထမဈာန် | သကဒါဂါမိဖိုလ်စိတ် | ၁ |
| ဒုတိယဈာန် | သကဒါဂါမိဖိုလ်စိတ် | ၁ |
| တတိယဈာန် | သကဒါဂါမိဖိုလ်စိတ် | ၁ |
| စတုတ္ထဈာန် | သကဒါဂါမိဖိုလ်စိတ် | ၁ |
| ပဉ္စမဈာန် | သကဒါဂါမိဖိုလ်စိတ် | ၁ |
| | ပေါင်း သကဒါဂါမိဖိုလ်စိတ် | ၅ |
| ပထမဈာန် | အနာဂါမိဖိုလ်စိတ် | ၁ |
| ဒုတိယဈာန် | အနာဂါမိဖိုလ်စိတ် | ၁ |
| တတိယဈာန် | အနာဂါမိဖိုလ်စိတ် | ၁ |
| စတုတ္ထဈာန် | အနာဂါမိဖိုလ်စိတ် | ၁ |
| ပဉ္စမဈာန် | အနာဂါမိဖိုလ်စိတ် | ၁ |
| | ပေါင်း အနာဂါမိဖိုလ်စိတ် | ၅ |
| ပထမဈာန် | အရဟတ္တဖိုလ်စိတ် | ၁ |
| ဒုတိယဈာန် | အရဟတ္တဖိုလ်စိတ် | ၁ |

| | | |
|---|---|---|
| တတိယဈာန် | အရဟတ္တဖိုလ်စိတ် | ၁ |
| စတုတ္ထဈာန် | အရဟတ္တဖိုလ်စိတ် | ၁ |
| ပဉ္စမဈာန် | အရဟတ္တဖိုလ်စိတ် | ၁ |
| | ပေါင်း အရဟတ္တဖိုလ်စိတ် | ၅ |
| သောတာပတ္တိဖိုလ်စိတ် | | ၅ |
| သကဒါဂါမိဖိုလ်စိတ် | | ၅ |
| အနာဂါမိဖိုလ်စိတ် | | ၅ |
| အရဟတ္တဖိုလ်စိတ် | | ၅ |
| | ပေါင်း လောကုတ္တရာဝိပါက်စိတ် | ၂၀ |
| လောကုတ္တရာကုသိုလ်စိတ် | | ၂၀ |
| လောကုတ္တရာ ဝိပါက်စိတ် | | ၂၀ |
| | ပေါင်း အကျယ်အားဖြင့်လောကုတ္တရာစိတ် | ၄၀ |

**စိတ်အကျယ် ၁၂၁**

| | |
|---|---|
| လောကီစိတ် | ၈၁ |
| လောကုတ္တရာစိတ် | ၄၀ |
| ပေါင်း အကျယ်အားဖြင့်စိတ် | ၁၂၁ |

---

## ဇာတိဘေဒသရုပ်

**ကုသိုလ်စိတ်ကား** ၂၁-မဟာကုသိုလ်စိတ် ၈, ရူပါဝစရ ကုသိုလ်စိတ် ၅, အရူပါဝစရကုသိုလ်စိတ် ၄, လောကုတ္တရာ ကုသိုလ်စိတ် ၄ ခုတည်း။

**အကုသိုလ်စိတ်ကား** ၁၂-လောဘမူစိတ် ၈, ဒေါသမူစိတ် ၂, မောဟမူစိတ် ၂ ခုတည်း။

**ဝိပါက်စိတ်ကား** ၃၆-အကုသလ ဝိပါက်စိတ် ၇, အဟိတ် ကုသလဝိပါက်စိတ် ၈, မဟာဝိပါက်စိတ် ၈, ရူပါဝစရဝိပါက်

စိတ် ၅, အရူပါဝစရဝိပါက်စိတ် ၄, လောကုတ္တရာဝိပါက်စိတ် ၄-ခုတည်း။

ကြိယာစိတ်ကား ၂၀-အဟိတ်ကြိယာစိတ် ၃, မဟာကြိယာစိတ် ၈, ရူပါဝစရ ကြိယာစိတ် ၅, အရူပါဝစရ ကြိယာစိတ် ၄-ခုတည်း။

•••○○•••

## ဘူမိ ဘေဒ သရုပ်

**ကာမာဝစရ စိတ်ကား** ၅၄-အကုသိုလ်စိတ် ၁၂, အဟိတ်စိတ် ၁၈, ကာမာဝစရသောဘဏစိတ် ၂၄-ခုတည်း။

**ရူပါဝစရ စိတ်ကား** ၁၅-ရူပါဝစရကုသိုလ်စိတ် ၅, ရူပါဝစရ ဝိပါက်စိတ် ၅, ရူပါဝစရကြိယာစိတ် ၅-ခုတည်း။

**အရူပါဝစရ စိတ်ကား** ၁၂- အရူပါဝစရ ကုသိုလ်စိတ် ၄, အရူပါဝစရဝိပါက်စိတ် ၄, အရူပါဝစရကြိယာစိတ် ၄-ခုတည်း။

**လောကုတ္တရာစိတ်ကား** ၈- လောကုတ္တရာကုသိုလ်စိတ် ၄, လောကုတ္တရာ ဝိပါက်စိတ် ၄-ခုတည်း။

---

**ကုသိုလ်စိတ်ကား** အကျယ်အားဖြင့် ၃၇, လောကီကုသိုလ်စိတ် ၁၇, လောကုတ္တရာ ကုသိုလ်စိတ် ၂၀-တည်း။

**ဝိပါက်စိတ်ကား** အကျယ်အားဖြင့် ၅၂-လောကီဝိပါက်စိတ် ၃၂, လောကုတ္တရာ ဝိပါက်စိတ် ၂၀-တည်း။

**စိတ်ပိုင်းပြီး၏**

ဧကုပ္ပါဒ-စိတ်နှင့် အတူ ဖြစ်ခြင်း။
ဧကနိရောဓ-စိတ်နှင့် အတူ ချုပ်ခြင်း။
ဧကာလမ္ဗဏ-စိတ်နှင့် အာရုံ တူခြင်း။
ဧကဝတ္ထုက-စိတ်နှင့်တူသော မှီရာဝတ္ထုရှိခြင်း။

ဤအင်္ဂါ ၄-ပါးနှင့် အညီအညွတ် စိတ်နှင့် ယှဉ်သော ၅၂-ပါးသော တရားအပေါင်းသည် စေတသိက် မည်၏။

## အညသမာန်း စေတသိက် ၁၃

ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, စိတ် တိုင်း နှင့် ယှဉ် သော သဗ္ဗ စိတ္တ သာဓါရဏ စေတသိက် ၇။

အာရုံကို တွေ့ခြင်းလက္ခဏာရှိသော သဘောတရားသည် "ဖဿ" မည်၏။

အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိသော သဘောတရားသည် "ဝေဒနာ" မည်၏။

အာရုံ၏ သဘောကို မှတ်ခြင်း လက္ခဏာ ရှိသော သဘောတရားသည် "သညာ" မည်၏။

အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်း လက္ခဏာရှိသော သဘောတရားသည် "စေတနာ" မည်၏။

တခုတည်းသော အာရုံကိုသာ ယူသည်ဖြစ်၍ တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း လက္ခဏာရှိသော သဘောတရားသည် "ဧကဂ္ဂတာ" မည်၏။

တကွဖြစ်သော ရုပ်,နာမ်တရားတို့ကို စောင့်ခြင်း, အစိုးရခြင်း လက္ခဏာရှိသော သဘောတရားသည် "ဇီဝိတိန္ဒြေ" မည်၏။

အာရုံ၌ နှလုံးသွင်းခြင်း လက္ခဏာရှိသော သဘောတရားသည် "မနသိကာရ" မည်၏။

ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ, စိတ်တိုင်းနှင့် မယှဉ် အချို့အချို့သော စိတ်နှင့်သာ ပြိုင်ယှဉ်သော ပကိဏ်ဏ စေတသိက် ၆။

သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ခြင်း လက္ခဏာရှိသော သဘော တရားသည် "ဝိတက်" မည်၏။

အာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေခြင်း လက္ခဏာရှိသော သဘော တရားသည် "ဝိစာရ" မည်၏။

အာရုံကိုဆုံးဖြတ်ခြင်း လက္ခဏာရှိသော သဘောတရားသည် "အဓိမောက္ခ" မည်၏။

သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်း လက္ခဏာရှိသော သဘော တရားသည် "ဝီရိယ" မည်၏။

အာရုံကို နှစ်သက်ခြင်း လက္ခဏာရှိသော သဘောတရားသည် "ပီတိ" မည်၏။

ပြုလုပ်လိုကာမျှသာ လက္ခဏာရှိသော သဘောတရားသည် "ဆန္ဒ" မည်၏။

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇
ပကိဏ်း စေတသိက် ၆
ပေါင်း အညသမာန်း စေတသိက် ၁၃

## အကုသိုလ်စေတသိက် ၁၄

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ, အကုသိုလ်စိတ်နှင့်သာယှဉ်သော အကုသိုလ်စေတသိက် ၁၄။

အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်း လက္ခဏာရှိသော သဘောတရားသည် "မောဟ" မည်၏။

ကာယဒုစရိုက် စသည်မှ မရှက်ခြင်း လက္ခဏာရှိသော သဘောတရားသည် "အဟိရိက" မည်၏။

ကာယဒုစရိုက် စသည်မှ မလန့်ခြင်း လက္ခဏာရှိသော သဘောတရားသည် "အနောတ္တပ္ပ" မည်၏။

စိတ်၏မငြိမ်သက်ခြင်း, ပျံ့လွင့်ခြင်း လက္ခဏာရှိသော သဘောတရားသည် "ဥဒ္ဓစ္စ" မည်၏။

အာရုံ၌ ငြိသောအားဖြင့် တပ်ခြင်းလက္ခဏာရှိသော သဘောတရားသည် "လောဘ" မည်၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း လက္ခဏာရှိသော သဘောတရားသည် "ဒိဋ္ဌိ" မည်၏။

မိမိကိုယ်ကို ငါသာလျှင် မြတ်၏ဟူ၍ မှန်ကင်းကဲ့သို့ ထောင်လွှားခြင်း လက္ခဏာရှိသော သဘောတရားသည် "မာန"မည်၏။

ကြမ်းတမ်းသောအားဖြင့် ပြစ်မှားခြင်း လက္ခဏာရှိသော သဘောတရား သည် "ဒေါသ" မည်၏။

သူတပါးတို့၏ စည်းစိမ်ချမ်းသာကို ငြူစူခြင်း လက္ခဏာရှိသော သဘော တရားသည် "ဣဿာ" မည်၏။

မိမိ၏စည်းစိမ်ချမ်းသာကို လျှို့ဝှက်ခြင်း လက္ခဏာရှိသော သဘောတရား သည် "မစ္ဆရိယ" မည်၏။

ပြုအပ်ပြီးသော ဒုစရိုက်,မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ အဘန် တလဲလဲ စိုးရိမ်ခြင်း လက္ခဏာရှိသော သဘောတရားသည် "ကုက္ကုစ္စ"မည်၏။

စိတ်၏မခံ့ခြင်း လက္ခဏာရှိသော သဘောတရားသည် "ထိန" မည်၏။

စေတသိက်တို့၏ မခံ့ခြင်း လက္ခဏာရှိသော သဘောတရားသည် "မိဒ္ဓ" မည်၏။

အာရုံကို မဆုံးဖြတ်နိုင်ခြင်း လက္ခဏာရှိသော သဘောတရားသည် "ဝိစိ ကိစ္ဆာ" မည်၏။

---

## သောဘဏစေတသိက် ၂၅

သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြ မဇ္ဈတ္တတာ,ကာယ ပဿဒ္ဓိ, စိတ္တ ပဿဒ္ဓိ, ကာယ လဟုတာ, စိတ္တ လဟုတာ, ကာယ မုဒုတာ, စိတ္တ မုဒုတာ, ကာယ ကမ္မညတာ, စိတ္တ ကမ္မညတာ, ကာယ ပါဂုညတာ, စိတ္တ ပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ, သောဘဏ စိတ်တိုင်း နှင့်သာ ယှဉ်သော သောဘဏ သာဓါရဏ စေတသိက် ၁၉။

သဒ္ဓါဝါစာ, သဒ္ဓါကမ္မဿ, သဒ္ဓါအာဇီဝ, ဝိရတီစေတသိက်-၃
ကရုဏာ, မုဒိတာ, အပ္ပမညာ စေတသိက်-၂
ပညိန္ဒြေ အမည်ရှိသော အမောဟစေတသိက်-၁

ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်စေခြင်း လက္ခဏာရှိသော သဘောတရားသည် "သဒ္ဓါ" မည်၏။

ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို အောက်မေ့စေခြင်း လက္ခဏာရှိသော သဘောတရားသည် "သတိ" မည်၏။

ကာယဒုစရိုက် အစရှိသည်မှ ရှက်ခြင်း လက္ခဏာရှိသော သဘောတရားသည် "ဟိရီ" မည်၏။

ကာယဒုစရိုက် စသည်မှ လန့်ခြင်းလက္ခဏာရှိသော သဘောတရားသည် "ဩတ္တပ္ပ"မည်၏။

အာရုံ၌ငြိသောအားဖြင့် မတပ်ခြင်း လက္ခဏာရှိသော သဘောတရားသည် "အလောဘ" မည်၏။

ကြမ်းတမ်းသောအားဖြင့် မပြစ်မှားခြင်း လက္ခဏာရှိသော သဘောတရားသည်"အဒေါသ"မည်၏။

ထိုသို့သောအာရုံတို့၌ သမ္ပယုတ်တရားတို့ကို လျစ်လျူရှုစေခြင်းလက္ခဏာရှိသော သဘောတရားသည် "တတြမဇ္ဈတ္တတာ"မည်၏။

စေတသိက်တို့၏ ငြိမ်းခြင်း လက္ခဏာရှိသော သဘောတရားသည် "ကာယပဿဒ္ဓိ"မည်၏။

စိတ်၏ငြိမ်းခြင်း လက္ခဏာရှိသော သဘောတရားသည်"စိတ္တပဿဒ္ဓိ"မည်၏။

စေတသိက်တို့၏ ပေါ့ခြင်းလက္ခဏာရှိသော သဘောတရားသည် "ကာယလဟုတာ" မည်၏။

စိတ်၏ပေါ့ခြင်းလက္ခဏာရှိသော သဘောတရားသည် "စိတ္တလဟုတာ" မည်၏။

စေတသိက်တို့၏ နူးညံ့ခြင်း လက္ခဏာရှိသော သဘောတရားသည် "ကာယမုဒုတာ" မည်၏။

စိတ်၏နူးညံ့ခြင်းလက္ခဏာရှိသော သဘောတရားသည်"စိတ္တမုဒုတာ"မည်၏။

စေတသိက်တို့၏အမှု၌ ကောင်းသောအဖြစ်လျှင် လက္ခဏာရှိသောသဘော တရားသည် "ကာယကမ္မညတာ"မည်၏။

စိတ်၏အမှု၌ ကောင်းသောအဖြစ်လျှင် လက္ခဏာရှိသော သဘောတရား သည် "စိတ္တကမ္မညတာ" မည်၏။

စေတသိက်တို့၏ လေ့လာခြင်း လက္ခဏာရှိသော သဘောတရားသည် "ကာယပါဂုညတာ" မည်၏။

စိတ်၏ လေ့လာခြင်း လက္ခဏာရှိသော သဘောတရားသည် "စိတ္တပါဂုညတာ" မည်၏။

စေတသိက်တို့၏ ဖြောင့်စွာဖြစ်ခြင်း လက္ခဏာရှိသော သဘောတရားသည် "ကာယုဇုကတာ"မည်၏။

စိတ်၏ဖြောင့်စွာဖြစ်ခြင်း လက္ခဏာရှိသော သဘောတရားသည် "စိတ္တုဇုကတာ" မည်၏။

အသက်မွေးကြောင်း မဟုတ်သော မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ တည်းဟူသော ဝစီဒုစရိုက် ၄ ပါးတို့မှ ရှောင်ကြဉ်ခြင်း လက္ခဏာ ရှိသော သဘောတရားသည် "သမ္မာဝါစာ"မည်၏။

အသက်မွေးကြောင်း မဟုတ်သော ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက် ၃ ပါးတို့မှ ရှောင်ကြဉ်ခြင်းလက္ခဏာ ရှိသော သဘောတရားသည် "သမ္မာကမ္မန္တ" မည်၏။

အသက်မွေးကြောင်းဖြစ်သော ဝစီဒုစရိုက်လေးပါး ကာယဒုစရိုက် ၃ ပါးတို့ မှ ရှောင်ကြဉ်ခြင်း လက္ခဏာရှိသော သဘောတရားသည် "သမ္မာအာဇီဝ" မည်၏။

အတိုင်းမသိသော ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းလက္ခဏာ ရှိသော သဘောတရားသည် "ကရုဏာ" မည်၏။

အတိုင်းမသိသော သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း လက္ခဏာရှိသော သဘောတရားသည် "မုဒိတာ" မည်၏။

အထူးထူးအပြားပြား သိခြင်းနှင့် အစိုးရခြင်း လက္ခဏာရှိသော သဘော တရားသည် "ပညိန္ဒြေ" မည်၏။

| | |
|---|---|
| သောဘဏာ သာဓာရဏာ စေတသိက် | ၁၉ |
| ဝိရတီ စေတသိက် | ၃ |
| အပ္ပမညာ စေတသိက် | ၂ |
| ပညိန္ဒြေ စေတသိက် | ၁ |
| ပေါင်း သောဘဏ စေတသိက် | ၂၅ |
| သဗ္ဗစိတ္တ သာဓာရဏ စေတသိက် | ၇ |
| ပကိဏ်း စေတသိက် | ၆ |
| အကုသိုလ် စေတသိက် | ၁၄ |
| သောဘဏ စေတသိက် | ၂၅ |
| ပေါင်း စေတသိက် | ၅၂ |

## အညသမာန်း စေတသိက် ၁၃ သမ္ပယောဂနည်း

ဖဿနှင့်ယှဉ်သောစိတ်ကား-စိတ် ၈၉ တည်း။မယှဉ်သောစိတ်ကား မရှိ။

{ဝေဒနာ,သညာ,စေတနာ,ဧကဂ္ဂတာ,ဇီဝိတိန္ဒြေ,မနသိကာရ, စေတသိက်တို့ကို ဖဿနှင့်အတူဆိုလေ။}

**ဝိတက်နှင့်ယှဉ်သောစိတ်ကား** ၅၅=ဒွေးပဉ္စဝိညာဏ်၁၀ကြဉ်သော ကာမစိတ် ၄၄, ပထမစျာန်စိတ် ၁၁ တည်း။ **။မယှဉ်သောစိတ်ကား** ၆၆=ဒွေးပဉ္စဝိညာဏ် ၁၀, ဒုတိယစျာန်စိတ်၁၁, တတိယစျာန်စိတ်၁၁,စတုတ္ထစျာန်စိတ် ၁၁, ပဉ္စမစျာန်စိတ် ၂၃ တည်း။

**ဝိစာရနှင့်ယှဉ်သောစိတ်ကား** ၆၆=ဒွေးပဉ္စဝိညာဏ်၁၀ကြဉ်သော ကာမစိတ် ၄၄,ပထမစျာန်စိတ် ၁၁,ဒုတိယစျာန်စိတ် ၁၁ တည်း။

**မယှဉ်သောစိတ်ကား** ၅၅= ဒွေးပဉ္စဝိညာဏ် ၁၀, တတိယစျာန်စိတ် ၁၁, စတုတ္ထစျာန်စိတ် ၁၁, ပဉ္စမစျာန်စိတ် ၂၃ တည်း။

အဓိမောက္ခနှင့်ယှဉ်သောစိတ်ကား ၇၈=ဒွေးပဉ္စ ဝိညာဏ် ၁၀,ဝိစိကိစ္ဆာ သဟဂုတ်စိတ် ကြဉ်သောစိတ် ၇၈ တည်း။ ။ မယှဉ်သော စိတ်ကား ၁၁= ဒွေးပဉ္စ ဝိညာဏ် ၁၀, ဝိစိကိစ္ဆာ သဟဂုတ် စိတ် တည်း။

ဝီရိယနှင့်ယှဉ်သောစိတ်ကား ၇၃=ပဉ္စဒွါရာဝဇ္ဇန်း,ဒွေးပဉ္စဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုန်းဒွေး,သန္တီရဏစိတ် ၃ ခု ကြဉ်သော စိတ် ၇၃ ခု တည်း။ ။မယှဉ်သောစိတ်ကား ၁၆= ပဉ္စဒွါရာ ဝဇ္ဇန်း, ဒွေးပဉ္စ ဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုန်းဒွေး,သန္တီရဏစိတ် ၃ ခုတည်း။

ပီတိနှင့်ယှဉ်သောစိတ်ကား ၅၁=လောဘမူ သောမနဿသဟဂုတ် စိတ် ၄,အဟိတ် သောမနဿ သဟဂုတ် စိတ် ၂, မဟာကုသိုလ် သောမနဿသဟဂုတ်စိတ် ၄, မဟာဝိပါက်သောမနဿသဟဂုတ် စိတ်၄,မဟာကြိယာသောမနဿသဟဂုတ်စိတ်၄,ပထမဈာန်စိတ် ၁၁,ဒုတိယ ဈာန်စိတ် ၁၁, တတိယဈာန်စိတ် ၁၁ တည်း။ ။ မယှဉ်သောစိတ်ကား ၇၀ = ဒေါသမူဒွေး,ဥပေက္ခာ သဟဂုတ်စိတ် ၅၅, ကာယဝိညာဏ်ဒွေး,စတုတ္ထဈာန်စိတ် ၁၁ တည်း။

ဆန္ဒနှင့်ယှဉ်သောစိတ်ကား ၆၉=လောဘမူစိတ် ၈,ဒေါသမူဒွေး, သောဘဏစိတ် ၅၉ ခုတည်း။ ။မယှဉ်သောစိတ်ကား ၂၀=မောဟမူဒွေး,အဟိတ်စိတ် ၁၈ ခုတည်း။

မှတ်ချက်။ ။ပထမဈာန်စိတ် ၁၁ ကား-ရူပါဝစရ ပထမဈာန်စိတ် ၃, လောကုတ္တရာ ပထမဈာန်စိတ် ၈ ခုတည်း။

ဒုတိယဈာန်စိတ် ၁၁ ကား—ရူပါဝစရ ဒုတိယဈာန်စိတ် ၃, လောကုတ္တရာ ဒုတိယဈာန်စိတ် ၈ ခုတည်း။

တတိယဈာန်စိတ် ၁၁ ကား—ရူပါဝစရ တတိယဈာန်စိတ် ၃, လောကုတ္တရာ တတိယဈာန်စိတ် ၈ ခုတည်း။

စတုတ္ထဈာန်စိတ် ၁၁ ကား– ရူပါဝစရ စတုတ္ထဈာန်စိတ် ၃, လောကုတ္တရာ စတုတ္ထဈာန်စိတ် ၈ ခုတည်း။

ပဉ္စမဈာန်စိတ် ၂၃ ကား–ရူပါ,ဝစရပဉ္စမဈာန်စိတ် ၃,အရူပါဝစရစိတ်၁၂, လောကုတ္တရာ ပဉ္စမဈာန်စိတ် ၈ ခုတည်း။

## အကုသိုလ်စေတသိက် ၁၄ သမ္ပယောဂနည်း

မောဟ,အဟိရိက,အနောတ္တပ္ပ, ဥဒ္ဓစ္စနှင့် ယှဉ်သောစိတ်ကား အကုသိုလ် စိတ် ၁၂ ခုတည်း။

လောဘနှင့်ယှဉ်သောစိတ်ကား လောဘမူစိတ် ၈ ခုတည်း။

ဒိဋ္ဌိနှင့်ယှဉ်သောစိတ်ကား ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ခုတည်း။

မာနနှင့်ယှဉ်သောစိတ်ကား ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၄ခုတည်း။

ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စနှင့် ယှဉ်သော စိတ်ကား ဒေါသမူနွေးတည်း။

ထိန,မိဒ္ဓနှင့် ယှဉ်သော စိတ်ကား သသင်္ခါရိကစိတ်၅ခုတည်း။

ဝိစိကိစ္ဆာနှင့် ယှဉ်သော စိတ်ကား ဝိစိကိစ္ဆာ သဟဂုတ်စိတ် တည်း။

## သောဘဏ စေတသိက် ၂၅ သမ္ပယောဂနည်း

သောဘဏ သာဓာရဏ စေတသိက် ၁၉ ခုနှင့်ယှဉ်သော စိတ်ကား သောဘဏစိတ် ၅၉ ခုတည်း။

ဝိရတီ စေတသိက် ၃ ခုနှင့် အမြဲတပေါင်းတည်း ယှဉ်သော စိတ်ကား-လောကုတ္တရာ စိတ် ၈ ခုတည်း။ ။ရံခါ အသီးအသီး ယှဉ်သော စိတ်ကား-မဟာကုသိုလ်စိတ် ၈ ခုတည်း။

ကရုဏာ,မုဒိတာတို့နှင့်ရံခါအသီးအသီးယှဉ်သောစိတ်ကား ၂၈= မဟာကုသိုလ်စိတ် ၈, မဟာကြိယာစိတ် ၈, ရူပါဝစရ ပဌမ ဈာန်စိတ် ၃, ဒုတိယဈာန်စိတ် ၃, တတိယ ဈာန်စိတ် ၃, စတုတ္ထ ဈာန်စိတ် ၃ ခုတည်း။ ။

ကေစိဝါဒအားဖြင့် ကရုဏာ,မုဒိတာတို့နှင့် ရံခါအသီးအသီး ယှဉ်သော စိတ်ကား ၂၀=မဟာကုသိုလ် သောမနဿ သဟဂုတ်စိတ် ၄, မဟာကြိယာ သောမနဿ သဟဂုတ်စိတ် ၄, ရူပါဝစရ ပဌမ ဈာန်စိတ် ၃, ဒုတိယဈာန်စိတ် ၃, တတိယဈာန်စိတ် ၃, စတုတ္ထ ဈာန်စိတ် ၃ ခုတည်း။

ပညာနှင့်ယှဉ်သောစိတ်ကား ၄၇=မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄,မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄,မဟာ ကြိယာဉာဏသမ္ပယုတ်စိတ် ၄,မဟဂ္ဂုတ်စိတ် ၂၇,လောကုတ္တရာစိတ် ၈ ခုတည်း။

## အနိယတ ယောဂီ စေတသိက် ၁၁

စေတသိက် ၅၂ ခုတို့တွင် အမြဲမယှဉ်သော အနိယတယောဂီစေတသိက်ကား ၁၁= ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာ, မုဒိတာ, မာန, ထိန, မိဒ္ဓ တည်း။

အမြဲယှဉ်သောနိယတယောဂီစေတသိက်ကား ကြွင်းသော စေတသိက် ၄၁ တည်း။

အနိယတယောဂီစေတသိက်တို့တွင်ရံခါ,အသီးသီးယှဉ်သောစေတသိက်များကား ၈-ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာ, မုဒိတာတည်း။

ရံခါသာယှဉ်သော စေတသိက်ကား ၁—မာနတည်း။

ရံခါ တပေါင်းတည်းယှဉ်သော စေတသိက်ကား ၂-ထိန, မိဒ္ဓတည်း။

စာအုပ်ထုတ်ဝေ ထောင်တွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
၂၁၈၂၅ [illegible] ရန်ကုန်။

## ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်တို့၏ ဒေါသမူဒွေး၌ ရံခါ အသီးသီး ယှဉ်ပုံ

ဣဿာသည် သူတပါးတို့၏ စည်းစိမ်ချမ်းသာကို ငြူစူသော အခါ ယှဉ်၏။ မငြူစူသောအခါ မယှဉ်။

မစ္ဆရိယသည် မိမိ၏ စည်းစိမ် ချမ်းသာကို လျှို့ဝှက်သော အခါ ယှဉ်၏။ မလျှို့ဝှက်သောအခါ မယှဉ်။

ကုက္ကုစ္စသည် ပြုအပ် ပြီးသော ဒုစရိုက်, မပြုလိုက် မိသော သုစရိုက်ကို အာရုံပြု၍ ဝိပ္ပဋိသာရ ဖြစ်သောအခါယှဉ်၏။ ။ဝိပ္ပဋိသာရ မဖြစ်သောအခါ မယှဉ်။ ဤကား ရံခါယှဉ်ပုံတည်း။

ဣဿာ ယှဉ်ခိုက် မစ္ဆရိယ, ကုက္ကုစ္စတို့ မယှဉ်။ မစ္ဆရိယ ယှဉ်ခိုက်-ဣဿာ, ကုက္ကုစ္စတို့ မယှဉ်။ ကုက္ကုစ္စ ယှဉ်ခိုက်- ဣဿာ, မစ္ဆရိယတို့မယှဉ်။ ဤကား အသီးအသီးယှဉ်ပုံတည်း။

## ဝိရတီ, အပ္ပမညာစေတသိက်တို့၏ မဟာကုသိုလ်စသောစိတ်တို့၌ ရံခါအသီးအသီးယှဉ်ပုံ

သမ္မာဝါစာသည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍၊ မိစ္ဆာဝါစာမှ ရှောင်ကြဉ်သောအခါ ယှဉ်၏-မရှောင်ကြဉ်သောအခါမယှဉ်။

သမ္မာကမ္မန္တသည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍၊ မိစ္ဆာကမ္မန္တမှ ရှောင်ကြဉ်သောအခါ ယှဉ်၏-မရှောင်ကြဉ်သောအခါ မယှဉ်။

သမ္မာအာဇီဝသည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍၊ အာဇီဝ ဟေတု ဖြစ်သော မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တတို့မှ ရှောင်ကြဉ်သောအခါ ယှဉ်၏-မရှောင်ကြဉ်သော အခါ မယှဉ်။

ကရုဏာသည် အတိုင်းမသိသော ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ သနားသောအခါ ယှဉ်၏-မသနားသောအခါမယှဉ်။

မုဒိတာသည် အတိုင်းမသိသော သုခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သော အခါ ယှဉ်၏- ဝမ်းမမြောက်သော အခါ မယှဉ်။ ။ဤကား ရံခါယှဉ်ပုံတည်း။ ။

သမ္မာဝါစာ ယှဉ်ခိုက်-သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာ,မုဒိတာ မယှဉ်။
သမ္မာကမ္မန္တ ယှဉ်ခိုက်-သမ္မာဝါစာ,သမ္မာအာဇီဝ, ကရုဏာ,မုဒိတာ မယှဉ်။
သမ္မာအာဇီဝ ယှဉ်ခိုက်-သမ္မာဝါစာ,သမ္မာကမ္မန္တ, ကရုဏာ,မုဒိတာ မယှဉ်။
ကရုဏာ ယှဉ်ခိုက်-သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာ အာဇီဝ,မုဒိတာ မယှဉ်။
မုဒိတာ ယှဉ်ခိုက်-သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာ အာဇီဝ,ကရုဏာမယှဉ်။ ။ဤကား အသီးအသီးယှဉ်ပုံတည်း။

## မာန၏ ရံခါယှဉ်ပုံ

မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် ၄ ခုတို့၌ မိမိကိုယ်ကို ချီးမြှောက်သောအခါ,သူတပါးကိုရှုံ့ချသောအခါတို့၌သာ ယှဉ်၏- ချီးမြှောက်သောအခါ,မရှုံ့ချသောအခါတို့၌ မယှဉ်။ ။ ဤကား ရံခါယှဉ်၍ ရံခါမယှဉ်ပုံတည်း။

## ထိန,မိဒ္ဓ၏ရံခါတပေါင်းတည်းယှဉ်ပုံ

ထိန,မိဒ္ဓသည် သသင်္ခါရိက စိတ် ၅ ခုတို့၌ စိတ်စေတသိက်တို့၏ ပျင်းရိ, ထိုင်းမှိုင်း,တွန့်တို, ဆုတ်နစ်သောအခါ ယှဉ်၏- မပျင်းရိ,မထိုင်းမှိုင်း,မတွန့်တို, မဆုတ်နစ်သောအခါ မယှဉ်,। ।
ဤကား ရံခါ တပေါင်းတည်းယှဉ်ပုံတည်း။

## အကုသိုလ်စိတ်သင်္ဂဟနည်း

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃,အကုသလ သာဓာရဏ စေတသိက် ၄,လောဘ,ဒိဋ္ဌိ,ပေါင်း စေတသိက် ၁၉-ယှဉ်၏။

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိက စိတ်၌ အညသမာန်း စေတသိက် ၁၃, အကုသလ သာဓာရဏစေတသိက် ၄, လောဘ,ဒိဋ္ဌိ,ထိန,မိဒ္ဓ,ပေါင်း စေတသိက် ၂၁-ယှဉ်၏။

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃,အကုသလ သာဓာရဏ စေတသိက် ၄,လောဘ,မာန,ပေါင်း စေတသိက် ၁၉-ယှဉ်၏။

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိက စိတ်၌ အညသမာန်း စေတသိက် ၁၃, အကုသလ သာဓာရဏ စေတသိက်၄,လောဘ,မာန.ထိန,မိဒ္ဓ,ပေါင်းစေတသိက် ၂၁ယှဉ်၏။

ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိက စိတ်၌ ပီတိကြဉ် အညသမာန်း စေတသိက် ၁၂,အကုသလ သာဓာရဏ စေတသိက် ၄,လောဘ,ဒိဋ္ဌိ, ပေါင်းစေတသိက် ၁၈ ယှဉ်၏။

ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ်၌ ပီတိကြဉ် အညသမာန်း စေတသိက် ၁၂,အကုသလ သာဓာရဏ စေတသိက် ၄,လောဘ,ဒိဋ္ဌိ, ထိန, မိဒ္ဓ, ပေါင်း စေတသိက် ၂၀ ယှဉ်၏။

ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၌ပီတိကြဉ် အညသမာန်း စေတသိက် ၁၂, အကုသလ သာဓာရဏ စေတသိက် ၄,လောဘ,မာန,ပေါင်း စေတသိက် ၁၈-ယှဉ်၏။

ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂,အကုသလ သာဓာရဏ စေတသိက် ၄, လောဘ,မာန,ထိန,မိဒ္ဓ, ပေါင်းစေတသိက် ၂၀ ယှဉ်၏။

လောဘမူစိတ် ၈-ခု၌ အညသမာန်း စေတသိက် ၁၃, အကုသလ သာဓာရဏ စေတသိက် ၄,လောဘ,ဒိဋ္ဌိ,မာန, ထိန, မိဒ္ဓ ပေါင်း စေတသိက် ၂၂-ယှဉ်၏။

မှတ်ချက်။ ။လောဘမူစိတ် ၈ ခုတို့၌ အမြဲမယှဉ်သော အနိယတ ယောဂီ စေတသိက်ကား-မာန,ထိန,မိဒ္ဓတည်း။ ။အမြဲယှဉ်သော နိယတယောဂီ စေတသိက်ကား-မာန,ထိန, မိဒ္ဓကြဉ်သော စေတသိက် ၁၉ တည်း။

ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂,အကုသလ သာဓာရဏ စေတသိက် ၄,ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ပေါင်း စေတသိက် ၂၀-ယှဉ်၏။

ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက စိတ်၌ ပီတိကြဉ် အညသမာန်း စေတသိက်၁၂,အကုသလ သာဓာရဏ စေတသိက်၄,ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ထိန,မိဒ္ဓ,ပေါင်း စေတသိက် ၂၂-ယှဉ်၏။

ဒေါသမူဒွေး၌ ပီတိ ကြဉ် အညသမာန်း စေတသိက် ၁၂,အကုသလ သာဓာရဏ စေတသိက် ၄, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ထိန မိဒ္ဓ,ပေါင်း စေတသိက် ၂၂-ယှဉ်၏။

မှတ်ချက်။ ။ဒေါသမူဒွေး၌ အမြဲမယှဉ်သော အနိယတယောဂီ စေတသိက်ကား-ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ထိန,မိဒ္ဓတည်း။ ။အမြဲယှဉ်သော နိယတ ယောဂီ စေတသိက်ကား-ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ,ထိန, မိဒ္ဓကြဉ်သော စေတသိက် ၁၇ တည်း။

ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်၌ ဆန္ဒ,ပီတိ,အဓိမောက္ခ,ကြဉ် အညသမာန်း စေတသိက် ၁၀,အကုသလ သာဓာရဏ စေတသိက် ၄, ဝိစိကိစ္ဆာ,ပေါင်း စေတသိက် ၁၅-ယှဉ်၏။

ဥပေက္ခာ သဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ ဆန္ဒ, ပီတိ, ကြဉ် အညသမာန်းစေတသိက် ၁၁,အကုသလ သာဓာရဏစေတသိက် ၄, ပေါင်း စေတသိက် ၁၅-ယှဉ်၏။

မောဟမူဒွေး၌ဆန္ဒ,ပီတိ,ကြဉ် အညသမာန်းစေတသိက် ၁၁, အကုသလ သာဓာရဏ စေတသိက် ၄,ဝိစိကိစ္ဆာ ပေါင်း စေတသိက် ၁၆-ယှဉ်၏။

## ဥဘဏ်စမ်းသရုပ် အရကျက်ရန်မဟုတ်

လောဘမူ,ဒေါသမူစိတ်၌ အညသမာန်း စေတသိက် ၁၃၊ ဝိစိကိစ္ဆာကြဉ် အကုသိုလ်စေတသိက် ၁၃-ပေါင်းစေတသိက် ၂၆ ယှဉ်၏။

လောဘမူ,မောဟမူစိတ်၌ အညသမာန်း စေတသိက် ၁၃၊ဒေါသ,ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စကြဉ် အကုသိုလ်စေတသိက် ၁၀-ပေါင်းစေတသိက် ၂၃ယှဉ်၏။

ဒေါသမူ,မောဟမူစိတ်၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂၊ လောဘ, ဒိဋ္ဌိ,မာနကြဉ် အကုသိုလ်စေတသိက် ၁၁–ပေါင်းစေတသိက် ၂၃ ယှဉ်၏။

အကုသိုလ်စိတ် ၁၂ ခု၌ အညသမာန်း စေတသိက် ၁၃, အကုသိုလ် စေတသိက် ၁၄–ပေါင်း စေတသိက် ၂၇ ယှဉ်၏။

## အဟိတ်စိတ် သင်္ဂဟနည်း

ဒွေးပဉ္စဝိညာဏ် ၁၀-၌ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇ ယှဉ်၏။

သမ္ပဋိစ္ဆိုင်းဒွေး, ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် ၂, ပဉ္စဒွါရာဝဇ္ဇန်းစိတ်တို့၌ ဆန္ဒ,ပီတိ,ဝီရိယ ကြဉ်- အညသမာန်း,စေတသိက် ၁၀-ယှဉ်၏။

သောမနဿ သဟဂုတ် သန္တီရဏစိတ်၌ ဆန္ဒ, ဝီရိယ,ကြဉ်-အညသမာန်း စေတသိက် ၁၁-ယှဉ်၏။

မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ, ပီတိ,ကြဉ်-အညသမာန်း စေတသိက် ၁၁-ယှဉ်၏။

ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒ,ကြဉ်-အညသမာန်း စေတသိက် ၁၂ ယှဉ်၏။

အကုသလ ဝိပါက်စိတ် ၇-ခု၌ ဆန္ဒ, ပီတိ, ဝီရိယ, ကြဉ်-အည သမာန်း စေတသိက် ၁၀-ယှဉ်၏။

အဟိတ် ကုသလ ဝိပါက်စိတ် ၈-ခု၌ ဆန္ဒ, ဝီရိယ, ကြဉ်- အည သမာန်း စေတသိက် ၁၁ ယှဉ်၏။

အဟိတ် ကြိယာစိတ် ၃-ခု၌ ဆန္ဒ,ကြဉ်- အညသမာန်း စေတသိက် ၁၂-ယှဉ်၏။

အဟိတ်စိတ် ၁၈-ခု၌ ဆန္ဒ, ကြဉ်-အညသမာန်း စေတသိက် ၁၂-ယှဉ်၏။

## ကာမဝစရသောဘဏစိတ် သင်္ဂဟနည်း

မဟာကုသိုလ် ပထမဒွေး၌ အညသမာန်း, သောဘဏ စေတသိက် ၃၈- ယှဉ်၏။

မဟာကုသိုလ် ဒုတိယဒွေး၌ ဉာဏ်ကြဉ်- အညသမာန်း,သောဘဏ စေတသိက် ၃၇-ယှဉ်၏။

မဟာကုသိုလ် တတိယဒွေး၌ ပီတိကြဉ်-အညသမာန်း,သောဘဏ စေတသိက် ၃၇-ယှဉ်၏။

မဟာကုသိုလ် စတုတ္ထဒွေး၌ ဉာဏ်,ပီတိ ကြဉ်-အညသမာန်း သောဘဏ စေတသိက် ၃၆-ယှဉ်၏။

မဟာဝိပါက် ပထမခွေး၌ ဝိရတီ, အပ္ပမညာ ကြဉ်- အညသမာန်း, သောဘဏာ စေတသိက် ၃၃-ယှဉ်၏။

မဟာဝိပါက် ဒုတိယခွေး၌ ဝိရတီ, အပ္ပမညာ, ဉာဏ် ကြဉ်- အညသမာန်း,သောဘဏာစေတသိက် ၃၂-ယှဉ်၏။

မဟာဝိပါက် တတိယခွေး၌ဝိရတီ,အပ္ပမညာ,ပီတိ ကြဉ်-အညသမာန်း,သောဘဏာ စေတသိက် ၃၂-ယှဉ်၏။

မဟာဝိပါက် စတုတ္ထခွေး၌ဝိရတီ,အပ္ပမညာ,ဉာဏ်,ပီတိကြဉ်- အညသမာန်း,သောဘဏာ စေတသိက် ၃၀-ယှဉ်၏။

မဟာကြိယာ ပထမခွေး၌ ဝိရတီ,ကြဉ်-အညသမာန်း, သောဘဏာ စေတသိက် ၃၅-ယှဉ်၏။

မဟာကြိယာ ဒုတိယခွေး၌ ဝိရတီ,ဉာဏ် ကြဉ်-အညသမာန်း သောဘဏာ စေတသိက် ၃၄-ယှဉ်၏။

မဟာကြိယာ တတိယခွေး၌ ဝိရတီ,ပီတိ ကြဉ်-အညသမာန်း သောဘဏာ စေတသိက် ၃၄-ယှဉ်၏။

မဟာကြိယာ စတုတ္ထခွေး၌ဝိရတီ,ဉာဏ်,ပီတိ,ကြဉ်-အညသမာန်း,သောဘဏာစေတသိက် ၃၃-ယှဉ်၏။

မှတ်ချက်။ ။မဟာကုသိုလ်စိတ် ၈ ခု၌ အမြဲမယှဉ်သော အနိယတ ယောဂီ စေတသိက်ကား ၅- ဝိရတီ, အပ္ပမညာတည်း။ ။အမြဲယှဉ်သော နိယတယောဂီ စေတသိက်ကား-ဝိရတီ,အပ္ပမညာ ကြဉ်သော စေတသိက် ၃၃-တည်း။

မဟာကြိယာစိတ် ၈ ခု၌ အမြဲမယှဉ်သော အနိယတယောဂီစေတသိက်ကား ၂- အပ္ပမညာခွေးတည်း။ ။အမြဲယှဉ်သော နိယတယောဂီ စေတသိက်ကား အပ္ပမညာ ကြဉ်သော စေတသိက် ၃၃ တည်း။

မဟာကုသိုလ်စိတ် ၈ ခုတို့၌ အထူးပြုတတ်သောစေတသိက်ကား ဝိရတီ, အပ္ပမညာ, ဉာဏ်,ပီတိ တို့တည်း။ ။မဟာဝိပါက်စိတ် ၈ ခုတို့၌ အထူးပြုတတ်သော စေတသိက်ကား ဉာဏ်, ပီတိတည်း။ ။မဟာကြိယာစိတ် ၈ ခုတို့၌ အထူးပြုတတ်သောစေတသိက်ကား အပ္ပမညာ, ဉာဏ်, ပီတိတည်း။

## မဟဂ္ဂုတ် စိတ် သင်္ဂဟနည်း

ရူပါဝစရ ပဌမဈာန်စိတ် ၃-ခု၌ ဝိရတိ ကြဉ်- အညသမာန်း သောဘဏ စေတသိက် ၃၅-ယှဉ်၏။

ရူပါဝစရ ဒုတိယဈာန်စိတ် ၃-ခု၌ ဝိရတိ, ဝိတက် ကြဉ်-အညသမာန်း သောဘဏ စေတသိက် ၃၄-ယှဉ်၏။

ရူပါဝစရ တတိယဈာန်စိတ် ၃-ခု၌ ဝိရတိ, ဝိတက်, ဝိစာရ, ကြဉ်-အညသမာန်း သောဘဏ စေတသိက် ၃၃-ယှဉ်၏။

ရူပါဝစရ စတုတ္ထဈာန်စိတ် ၃-ခု၌ ဝိရတိ, ဝိတက်, ဝိစာရ, ပီတိ ကြဉ်-အညသမာန်း သောဘဏ စေတသိက် ၃၂-ယှဉ်၏။

ရူပါဝစရ ပဥ္စမဈာန်စိတ် ၃-ခု၌ ဝိရတိ, အပ္ပမညာ, ဝိတက်, ဝိစာရ, ပီတိ, ကြဉ်-အညသမာန်း သောဘဏ စေတသိက် ၃၀-ယှဉ်၏။

မှတ်ချက်။ ။ရူပါဝစရပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် စိတ်တို့၌ အမြဲမယှဉ်သော အနိယတယောဂီစေတသိက်ကား ၂-အပ္ပမညာဒွေ တည်း။ ။အမြဲယှဉ်သော နိယတယောဂီစေတသိက်ကား အပ္ပမညာ ကြဉ်သော စေတသိက်တို့ပင်တည်း။

ရူပါဝစရစိတ် ၁၅ ခုတို့၌ အထူးပြုတတ်သောစေတသိက်ကား ဝိတက်,ဝိစာရ,ပီတိ, ဝေဒနာ, အပ္ပမညာတည်း။

အရူပါဝစရစိတ် ၁၂ ခု၌ ဝိရတိ, အပ္ပမညာ, ဝိတက်,ဝိစာရ, ပီတိ ကြဉ်-အညသမာန်း, သောဘဏ စေတသိက် ၃၀ ယှဉ်၏။

---

## လောကုတ္တရာစိတ် သင်္ဂဟနည်း

လောကုတ္တရာစိတ် ၈ ခု၌ အပ္ပမညာ ကြဉ်-အညသမာန်း,သောဘဏ စေတသိက် ၃၆ ယှဉ်၏။

လောကုတ္တရာ ပဌမဈာန်စိတ် ၈ ခု၌ အပ္ပမညာ ကြဉ်- အညသမာန်း,သောဘဏ စေတသိက် ၃၆ ယှဉ်၏။

လောကုတ္တရာ ဒုတိယဈာန်စိတ် ၈ ခု၌ အပ္ပမညာ, ဝိတက်, ကြဉ်-အညသမာန်း, သောဘဏ စေတသိက် ၃၅ ယှဉ်၏။

လောကုတ္တရာ တတိယ ဈာန်စိတ် ၈ ခု၌ အပ္ပမညာ, ဝိတက်, ဝိစာရ,ကြဉ်-အညသမာန်း,သောဘဏ စေတသိက် ၃၄ ယှဉ်၏။

လောကုတ္တရာစတုတ္ထဈာန်စိတ်၈ ခု၌အပ္ပမညာ,ဝိတက်,ဝိစာရ,ပီတိ,ကြဉ်-အညသမာန်း,သောဘဏစေတသိက် ၃၃ယှဉ်၏။

လောကုတ္တရာ ပဉ္စမဈာန်စိတ် ၈ ခု၌ အပ္ပမညာ,ဝိတက်,ဝိစာရ,ပီတိ,ကြဉ်-အညသမာန်း,သောဘဏစေတသိက် ၃၃ယှဉ်၏။

လောကုတ္တရာစိတ်၌ အထူးပြုတတ်သော စေတသိက်ကား ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာတည်း။

စေတသိက်ပိုင်းပြီး၏

# ပကိဏ်းပိုင်း

## ဝေဒနာ သင်္ဂဟ

**ဝေဒနာကား** အနုဘဝန လက္ခဏာ အားဖြင့် ၃ပါး။ သုခဝေဒနာ, ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာတည်း။

ဣန္ဒြိယဘေဒ အားဖြင့်ကား ၅ ပါး။ သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿ ဝေဒနာ,ဒေါမနဿဝေဒနာ,ဥပေက္ခာဝေဒနာတည်း။

သုခဝေဒနာနှင့်ယှဉ်သော စိတ်ကား ၁= သုခသဟဂုတ် ကာယဝိညာဏ်စိတ်တည်း။

ဒုက္ခဝေဒနာနှင့်ယှဉ်သော စိတ်ကား ၁= ဒုက္ခ သဟဂုတ် ကာယဝိညာဏ်စိတ်တည်း။

သောမနဿဝေဒနာနှင့်ယှဉ်သောစိတ်ကား ၆၂=လောဘမူသောမနဿ သဟဂုတ်စိတ် ၄,သောမနဿသဟဂုတ်သန္တီရဏစိတ် ၁, ဟသိတုပ္ပါဒ်စိတ် ၁,မဟာကုသိုလ်သောမနဿ သဟဂုတ်စိတ်၄, မဟာဝိပါက် သောမနဿသဟဂုတ်စိတ် ၄,မဟာကြိယာ သောမနဿသဟဂုတ်စိတ် ၄,ပဌမဈာန်စိတ်၁၁,ဒုတိယဈာန်စိတ်၁၁, တတိယဈာန်စိတ် ၁၁,စတုတ္ထဈာန်စိတ် ၁၁ တည်း။

ဒေါမနဿဝေဒနာနှင့်ယှဉ်သောစိတ်ကား ၂=ဒေါသမူဒွေးတည်း။

ဥပေက္ခာဝေဒနာနှင့်ယှဉ်သောစိတ်ကား ၅၅=အကုသိုလ်ဥပေက္ခာ သဟဂုတ် စိတ် ၆,အဟိတ် ဥပေက္ခာ သဟဂုတ်စိတ် ၁၄, မဟာကုသိုလ်ဥပေက္ခာ သဟဂုတ်စိတ် ၄,မဟာဝိပါက် ဥပေက္ခာသဟဂုတ် စိတ် ၄, မဟာကြိယာ ဥပေက္ခာ သဟဂုတ်စိတ် ၄,ပဉ္စမဈာန် စိတ် ၂၃ တည်း။

## ဟေတုသင်္ဂဟ

ဟိတ်ကား ၆ ပါး=လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘဟိတ်,အဒေါသဟိတ်,အမောဟဟိတ်တည်း။

ဟိတ်နှင့် မယှဉ်သော အဟိတ်စိတ်ကား ၁၈= ပဉ္စဒွါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုန်းဒွေး, သန္တီရဏစိတ် ၃ ခု, ဝုဋ္ဌော,ဟသိတုပ္ပါဒ်ဘည်း။

ဟိတ်နှင့် ယှဉ်သော သဟိတ်စိတ်ကား ၇၁=အဟိတ်စိတ်မှ ကြွင်း သောစိတ်များပင်တည်း။ ဝါ-အကုသိုလ် ၁၂,ကာမာဝစရသော ဘဏ စိတ် ၂၄,ရူပါဝစရစိတ် ၁၅,အရူပါဝစရစိတ် ၁၂, လောကုတ္တရာစိတ် ၈ ခုတည်း။

ဟိတ် ၁ ပါးနှင့် ယှဉ်သော ဧကဟိတ်စိတ်ကား ၂=မောဟမူဒွေး တည်း။

ဟိတ် ၂ ပါးနှင့်ယှဉ်သော ဒွိဟိတ်စိတ်ကား ၂၂=လောဘမူစိတ် ၈,ဒေါသမူစိတ် ၂,မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄, မဟာဝိပါက်ဉာဏ ဝိပ္ပယုတ်စိတ် ၄,မဟာကြိယာ ဉာဏ ဝိပ္ပယုတ်စိတ် ၄ ခုတည်း။

ဟိတ် ၃ ပါးနှင့်ယှဉ်သော တိဟိတ်စိတ်ကား ၄၇=မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄,မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄,မဟဂ္ဂုတ်စိတ် ၂၇, လောကုတ္တရာစိတ် ၈ ခု တည်း။

အကုသိုလ်ဟိတ်ကား ၃= လောဘ, ဒေါသ, မောဟတည်း။ ။

ကုသိုလ်ဟိတ်ကား ၃=ကုသိုလ်စိတ်နှင့်ယှဉ်သော အလောဘ, အဒေါသ, အမောဟတည်း။ ။

အဗျာကတဟိတ်ကား ၃= သဟိတ်ဝိပါက် သဟိတ်ကြိယာနှင့် ယှဉ်သော အလောဘ,အဒေါသ,အမောဟတည်း။

အဟေတုကာ ဋ္ဌာရသေက၊ ဟေတုကာ ဒွေဒွါဝီသတိ။
ဒွိဟေတုကာ မတာ သတ္တ၊ စတ္တာလီသ တိဟေတုကာ။ ။ဋ္ဌ

အဋ္ဌာရသ-အရကား အဟိတ်စိတ် ၁၈ ခုတို့ပင်တည်း။

ဒွေး-အရကား မောဟမူဒွေးတည်း။

ဒွါဝီသတိ-အရကား လောဘမူစိတ် ၈, ဒေါသမူစိတ် ၂, မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄, မဟာဝိပါက် ဉာဏဝိပ္ပ ယုတ်စိတ် ၄, မဟာကြိယာ ဉာဏ ဝိပ္ပယုတ်စိတ် ၄ ခုတည်း။

သတ္တစတ္တာလီသ-အရကား မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄, မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄,မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ် ၄,မဟဂ္ဂုတ်စိတ် ၂၇, လောကုတ္တရာစိတ် ၈ ခုတည်း။

## ကိစ္စသင်္ဂဟ

ကိစ္စကား ၁၄ ပါး= ပဋိသန္ဓေ ကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿန ကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ, သမ္ပဋိစ္ဆနကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စ, စုတိကိစ္စ တည်း။

ဌာနကား ၁၀ ပါး= ပဋိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန, ပဉ္စဝိညာဏ်ဌာန, သမ္ပဋိစ္ဆိုန်းဌာန, သန္တီရဏဌာန, ဝုဋ္ဌောဌာန, ဇောဌာန, တဒါရုံဌာန, စုတိဌာနတည်း။

ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်သော စိတ်ကား ၁၉။ ။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂, မဟာဝိပါက်စိတ် ၈, မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ခုတည်း။

အာဝဇ္ဇန်းကိစ္စတပ်သောစိတ်ကား ၂။ ။ပဉ္စဒွါရာဝဇ္ဇန်း, မနောဒွါရာဝဇ္ဇန်းတည်း။

ဒဿနကိစ္စ တပ်သောစိတ်ကား ၂။ ။စက္ခုဝိညာဏ် ဒွေးတည်း။
သဝနကိစ္စ တပ်သောစိတ်ကား ၂။ ။သောတဝိညာဏ်ဒွေးတည်း။
ဃာယနကိစ္စတပ်သောစိတ်ကား ၂။ ။ဃာန ဝိညာဏ် ဒွေးတည်း။
သာယနကိစ္စတပ်သောစိတ်ကား ၂။ ။ဇိဝှါ ဝိညာဏ် ဒွေးတည်း။
ဖုသနကိစ္စ တပ်သော စိတ်ကား ၂။ ။ကာယဝိညာဏ် ဒွေးတည်း။
သမ္ပဋိစ္ဆနကိစ္စတပ်သောစိတ်ကား ၂။ ။သမ္ပဋိစ္ဆိုန်း ဒွေးတည်း။
သန္တီရဏကိစ္စတပ်သောစိတ်ကား ၃။ ။သန္တီရဏစိတ် ၃ ခုတည်း။
ဝုဋ္ဌောကိစ္စ တပ်သော စိတ်ကား ၁။ ။ မနောဒွါရာ ဝဇ္ဇန်းတည်း။
ဇောကိစ္စတပ်သောစိတ်ကား ၅၅။ ။ကုသိုလ်စိတ် ၂၁, အကုသိုလ်စိတ် ၁၂, အာဝဇ္ဇန်းဒွေးကြဉ်ကြိယာစိတ် ၁၈, ဖိုလ်စိတ် ၄ ခုတည်း။

တဒါရုံကိစ္စတပ်သောစိတ်ကား၁၁။ ။မဟာဝိပါက်စိတ် ၈ ခု, သန္တီရဏစိတ် ၃ ခုတည်း။

ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် ၂ ခုသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ,စုတိကိစ္စ,သန္တီရဏကိစ္စ,တဒါရုံကိစ္စအားဖြင့် ၅ ကိစ္စတပ်၏။

မဟာဝိပါက်စိတ် ၈ ခုသည် ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ, စုတိကိစ္စ,တဒါရုံကိစ္စအားဖြင့် ၄ ကိစ္စ တပ်၏။

မဟဂ္ဂုတ် ဝိပါက်စိတ် ၉ ခုသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စအားဖြင့် ၃ ကိစ္စ တပ်၏။

သောမနဿ သဟဂုတ် သန္တီရဏ စိတ်သည် သန္တီရဏကိစ္စ, တဒါရုံကိစ္စအားဖြင့် ၂ ကိစ္စတပ်၏။

မနောဒွါရာဝဇ္ဇန်းစိတ်သည် ဝုဋ္ဌောကိစ္စ, အာဝဇ္ဇန်းကိစ္စအားဖြင့် ၂ ကိစ္စတပ်၏။

ဇော ၅၅ ခုသည် ဇောကိစ္စသာတပ်၏။
သမ္ပဋိစ္ဆိုန်းနှစ်ခုသည် သမ္ပဋိစ္ဆိုန်းကိစ္စသာတပ်၏။
ပဉ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စသာတပ်၏။
စက္ခုဝိညာဏ် နှစ်ခုသည် ဒဿန ကိစ္စသာ တပ်၏။
သောတဝိညာဏ် နှစ်ခုသည် သဝန ကိစ္စသာတပ်၏။
ဃာနဝိညာဏ် နှစ်ခုသည် ဃာယန ကိစ္စသာတပ်၏။
ဇိဝှါဝိညာဏ်နှစ်ခုသည် သာယန ကိစ္စသာတပ်၏။
ကာယဝိညာဏ်နှစ်ခုသည် ဖုသန ကိစ္စသာ တပ်၏။

ဤကား ယထာသမ္ဘဝံ၏ အဓိပ္ပါယ်တည်း။

အဋ္ဌသဋ္ဌိ တထာ ဒွေစ၊ နဝဋ္ဌ ဒွေ ယထာက္ကမံ။
ဧကဒွိတိ စတု ပဉ္စ၊ ကိစ္စ ဋ္ဌာနာနိ နိဒ္ဒိသေ။ ။၌

## ယထာက္ကမံ၏ အဓိပ္ပါယ်ကား

ဧကကိစ္စ ဋ္ဌာနနှင့် အဋ္ဌသဋ္ဌိ- -ဒွိကိစ္စ ဋ္ဌာန နှင့် ဒွေ- -တိကိစ္စ ဋ္ဌာနနှင့် နဝ- -စတု ကိစ္စ ဋ္ဌာန နှင့် အဋ္ဌ- -ပဉ္စကိစ္စ ဋ္ဌာန နှင့် ဒွေ-စပ်၍ယူလေ ဟူလို။

အဋ္ဌသဋ္ဌိ အရကား ဝါ-တစ်ကိစ္စ တစ်ဋ္ဌာနတပ်သောစိတ်ကား ၆၈= ဇော ၅၅-ခု,မနောဓာတ် ၃ ခု,ဒွေးပဉ္စဝိညာဏ် ၁၀ တည်း။

ဒွေးအရကား ဝါ-နှစ်ကိစ္စနှစ်ဋ္ဌာနတပ်သောစိတ်ကား ၂= သောမနဿ သဟဂုတ် သန္တီရဏ,မနောဒွါရာဝဇ္ဇန်းတည်း။

နဝ အရကား ဝါ-သုံးကိစ္စသုံးဋ္ဌာနတပ်သောစိတ်ကား ၉=မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ခုတည်း။

အဋ္ဌ အရကား ဝါ-လေးကိစ္စလေးဋ္ဌာနတပ်သောစိတ်ကား ၈= မဟာ ဝိပါက်စိတ် ၈-ခုတည်း။

ဒွေး အရကား ဝါ-ငါးကိစ္စငါးဋ္ဌာနတပ်သောစိတ်ကား ၂= ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် ၂-ခုတည်း။

## ဒွါရသင်္ဂဟ

ဒွါရကား ၆-ပါး။ ။ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါ ဒွါရ,ကာယဒွါရ,မနောဒွါရ တည်း။

စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်၏။
သောတ ပသာဒရုပ်သည် သောတ ဒွါရမည်၏။
ဃာန ပသာဒရုပ်သည် ဃာနဒွါရမည်၏။

ဖဿ ပသာဒရုပ်သည် ဖဿဒွါရမည်၏။
ကာယ ပသာဒရုပ်သည် ကာယဒွါရ မည်၏။
ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုသည် မနောဒွါရ မည်၏။

**ရုပ်ဒွါရကား၅-** စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဖဿ ဒွါရ, ကာယဒွါရတည်း။

**နာမ်ဒွါရကား ၁။** ။မနောဒွါရ တည်း။

**စက္ခုဒွါရ၌ဖြစ်သောစိတ်ကား ၄၆။** ။ပဉ္စဒွါရာဝဇ္ဇန်း,စက္ခုဝိညာဏ် ခွေး,သမ္ပဋိစ္ဆိုန်းခွေး,သန္တီရဏစိတ် ၃-ခု,ဝုဋ္ဌော,ကာမဇော ၂၉, တဒါရုံကိစ္စ တပ်နိုက်ဖြစ်သော မဟာဝိပါက်စိတ် ၈-ခုတည်း။

**သောတဒွါရ၌ဖြစ် သောစိတ်ကား ၄၆။** ။ပဉ္စဒွါရာဝဇ္ဇန်း, သောတ ဝိညာဏ်ခွေး။လ။တဒါရုံကိစ္စ တပ်နိုက် ဖြစ်သော မဟာဝိပါက် စိတ် ၈-ခု တည်း။

**ဃာနဒွါရ၌ဖြစ်သောစိတ်ကား ၄၆။** ။ ပဉ္စဒွါရာ ဝဇ္ဇန်း, ဃာန ဝိညာဏ်ခွေး။လ။ တဒါရုံကိစ္စ တပ်နိုက်ဖြစ်သော မဟာဝိပါက် စိတ် ၈-ခုတည်း။

**ဖဿဒွါရ၌ဖြစ်သောစိတ်ကား ၄၆။** ။ပဉ္စဒွါရာဝဇ္ဇန်း,ဖဿဝိညာဏ် ခွေး ။လ။ တဒါရုံကိစ္စ တပ်နိုက်ဖြစ်သော မဟာဝိပါက်စိတ် ၈-ခု တည်း။

**ကာယဒွါရ၌ဖြစ်သောစိတ်ကား ၄၆။** ။ ပဉ္စဒွါရာဝဇ္ဇန်း, ကာယ ဝိညာဏ်ခွေး ။လ။တဒါရုံကိစ္စ တပ်နိုက်ဖြစ်သော မဟာဝိပါက် စိတ် ၈-ခုတည်း။

**ပဉ္စဒွါရ၌ဖြစ်သောစိတ်ကား။** ။ကာမစိတ် ၅၄-ခုတည်း။

**မနောဒွါရ၌ဖြစ်သောစိတ်ကား ၆၇။** ။ မနောဒွါရာဝဇ္ဇန်း, ဇော ၅၅-ခု, တဒါရုံ ၁၁-တည်း။

ဒွါရမှလွတ်သော စိတ်ကား ၁၉။ ။ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ, စုတိကိစ္စ တပ်ခိုက်ဖြစ်သော ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် ၂, မဟာဝိပါက်စိတ် ၈, မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ခု တည်း။

တဒွါရ၌ ဖြစ်သောစိတ်ကား ၃၆။ ။ဒွေးပဉ္စ ဝိညာဏ်၁၀, အပ္ပနာဇော ၂၆-တည်း။

ငါးဒွါရဖြစ်သောစိတ်ကား ၃။ ။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း ဒွေးတည်း။

၆ ဒွါရ၌ ဖြစ်သောစိတ်ကား ၃၁။ ။သောမနဿ သဟဂုတ်သန္တီရဏ,ဝုဋ္ဌော,ကာမဇော ၂၉-ခုတည်း။

ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် ၂-ခုသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ,စုတိကိစ္စ တပ်သော အခါ ၆-ဒွါရမှလွတ်၏။

သန္တီရဏ ကိစ္စတပ်သော အခါ ၅-ဒွါရ၌ ဖြစ်၏၊

တဒါရုံကိစ္စ တပ်သောအခါ ၆-ဒွါရ၌ဖြစ်၏။

မဟာဝိပါက်စိတ် ၈-ခုသည် ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ, စုတိကိစ္စ တပ်သောအခါ ၆-ဒွါရမှလွတ်၏။

တဒါရုံ ကိစ္စတပ်သော အခါ ၆-ဒွါရ၌ဖြစ်၏။

အချင်းခပ်သိမ်း ၆-ဒွါရမှလွတ်သော စိတ်ကား ၉=မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ခုတည်း။

ဧကဒွါရိက စိတ္တာနိ၊ ပဉ္စ ဆ ဒွါရိကာနိ စ။
ဆ ဒွါရိက ဝိမုတ္တာနိ၊ ဝိမုတ္တာနိ စ သဗ္ဗထာ။ ။
ဆတ္တိံသတိ တထာ တီဏိ၊ ဧကတိံသ ယထာက္ကမံ။
ဒသဓာ နဝဓာ စေတိ၊ ပဉ္စဓာ ပရိဒီပယေ။ ။

## ယထာဝတ္ထုမံ၏အမိပ္ပါယ်ကား

ဧကဒွါရိက စိတ္တာနိနှင့် ဆတ္တိံသတိ။ ။ ပဉ္စဒွါရိကာနိနှင့် တိံသတိ။ ။ဆဒွါရိကာနိနှင့်ဧကတိံသ။ ။ဆဒွါရိက ဝိမုတ္တာနိနှင့် ဒသဓာ။ ။ဝိမုတ္တာနိစ သဗ္ဗထာနှင့် နဝဓာ စပ်၍ယူရမည် ဟူလို။ ။

**ဆတ္တိံသတိအရကား** ဝါ-တစ်ဒွါရ၌ ဖြစ်သော စိတ်ကား ၃၆= ဒွေပဉ္စဝိညာဏ် ၁၀, အပ္ပနာဇော ၂၆ တည်း။

**တိံသတိအရကား** ဝါ-ငါးဒွါရ၌ဖြစ်သောစိတ်ကား ၃= ပဉ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုင်း နှေးတည်း။

**ဧကတိံသ အရကား** ဝါ-ခြောက်ဒွါရ၌ဖြစ်သောစိတ်ကား ၃၁= သောမနဿ သဟဂုတ် သန္တီရဏ, ဝုဋ္ဌော, ကာမဇော ၂၉ ခု တည်း။

**ဒသဓာ အရကား** ဝါ-ရံခါဒွါရ၌ ဖြစ်၍ ရံခါဒွါရမှ လွတ်သော စိတ်ကား ၁၀= ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂,မဟာ ဝိပါက်စိတ် ၈ ခုတည်း။

**နဝဓာ အရကား** ဝါ-အခါခပ်သိမ်း ၆ ဒွါရမှ လွတ်သော စိတ်ကား ၉= မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ခုတည်း။

## အာရမ္မဏသင်္ဂဟ

**အာရုံကား၆-ပါး။** ။ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတည်း။

စက္ခုဝိညာဏ်ဖြင့် မြင်ရသော အဆင်းဟူသမျှ ရူပါယတန သည် ရူပါရုံမည်၏။

သောတဝိညာဏ်ဖြင့် ကြားရသော အသံဟူသမျှ သဒ္ဒါယတန သည် သဒ္ဒါရုံမည်၏။

ဃာန ဝိညာဏ်ဖြင့် နမ်းရှူရသော အနံ့ဟူသမျှ ဂန္ဓာယတနသည် ဂန္ဓာရုံမည်၏။
ဇိဝှါဝိညာဏ်ဖြင့် လျက်ရသော အရသာဟူသမျှ ရသာယတနသည် ရသာရုံမည်၏။
ကာယဝိညာဏ်ဖြင့် တွေ့ထိရသော အကြမ်း, အနု, စသော အရာဝတ္ထုဟူသမျှ ဖောဋ္ဌဗ္ဗာယတနသည် ဖောဋ္ဌဗ္ဗာရုံမည်၏။
မနောဝိညာဏ်ဖြင့်သာ သိရသော ပသာဒရုပ်၅, သုခုမရုပ်၁၆, စိတ် ၈၉, စေတသိက် ၅၂, နိဗ္ဗာန်, ပညတ်သည်ဓမ္မာရုံမည်၏။

စက္ခုဒွါရိကစိတ် ၄၆ ခုသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။
သောတဒွါရိကစိတ် ၄၆ ခုသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။
ဃာနဒွါရိကစိတ် ၄၆ ခုသည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၏။
ဇိဝှါဒွါရိကစိတ် ၄၆ ခုသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၏။
ကာယဒွါရိကစိတ် ၄၆ ခုသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၏။

မနောဒွါရိကစိတ် ၆၇ ခုသည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် ၈၉, စေတသိက် ၅၂, ရုပ် ၂၈, ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်, ပညတ်-၍အာရုံ ၆ ပါးတို့တွင် တပါးပါးကို ထိုက်သည့် အားလျော်စွာ အာရုံပြု၏။
ဒွါရဝိမုတ်ဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်များသည် ဖြစ်သင့်သည့် အားလျော်စွာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးတို့တွင် တပါးပါးကို အာရုံပြု၏။ .

တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ
ရူပါဒိဧကေကာ ရမ္မဏာနေဝ။ ။

စက္ခုဝိညာဏ်ခွေးသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏။
သောတဝိညာဏ်ခွေးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။

ဃာနဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြု၏။
ဇိဝှါဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ရသာရုံကို အာရုံပြု၏။
ကာယဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

**မနောဓာတုတ္တိကံ ပန ရူပါဒိပဉ္စာရမ္မဏံ။**

မနောဓါတ် ၃ ခုသည် ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။

**သေသာနိ ကာမာဝစရ ဝိပါကာနိ ဟသနစိတ္တဉ္စေတိ**
**သဗ္ဗထာပိ ကာမာဝစရာ ရမ္မဏာနေဝ။ ။**

သန္တီရဏစိတ် ၃ ခု,မဟာဝိပါက်စိတ် ၈ ခု, ဟသိတုပ္ပါဒ်- ဤ ၁၂ပါးသောစိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော ကာမစိတ် ၅၄,စေတသိက် ၅၂,ရုပ် ၂၈-ဤကာမအာရုံ ၆ ပါးတို့တွင် တပါးပါးကို အာရုံပြု၏။

**အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တ ကာမာဝစရ**
**ဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ။**

အကုသိုလ်စိတ် ၁၂,မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄, မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄- ဤ ၂၀ သော စိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော လောကီစိတ် ၈၁, စေတသိက် ၅၂,ရုပ် ၂၈,ကာလဝိမုတ်ဖြစ်သော ပညတ်- ဤအာရုံ ၆- ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

**ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိ စေဝ**
**ပဉ္စမဇ္ဈာန သင်္ခါတံ အဘိညာ ကုသလဉ္စေတိ**
**အရဟတ္တ မဂ္ဂ ဖလ ဝဇ္ဇိတ သဗ္ဗာ ရမ္မဏာနိ။ ။**

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄,ကုသိုလ် အဘိညာဏ်, ဤ၅ပါးသောစိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် ၈၇, စေတသိက် ၅၂,ရုပ် ၂၈,ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်,ပညတ်-ဤအာရုံ၆ပါး တို့တွင် တပါးပါးကို အာရုံပြုကုန်၏။

ကုသိုလ်အဘိညာဉ်သည်။ ။ဒိဗ္ဗစက္ခု ,ဒိဗ္ဗသောတ, ဣဒ္ဓိဝိဓ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသ ကုသိုလ်အဘိညာဏ်ဟူ၍ ၇ ပါးအပြားရှိ၏။ ထိုတွင်-

ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဏ်သည်။ ။ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။

ဒိဗ္ဗသောတကုသိုလ်အဘိညာဏ်သည်။ ။ ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ဖြစ်သော ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၏။

ဣဒ္ဓိဝိဓ ကုသိုလ် အဘိညာဏ်သည်။ ။ပါဒကဖြစ်သော ရူပကုသိုလ် ပဉ္စမဈာန်နှင့် သတ သဟဿ စသော နိမိတ္တရုပ်ကို အာရုံပြု၏။

စေတောပရိယ ကုသိုလ်အဘိညာဏ်သည်။ ။ လွန်လေပြီးသော ၇ ရက်မှစ၍ လာလတံ့သော ၇ ရက်တိုင်အောင် ကာလ ၃ ပါး၌ တည်သော သူတပါးတို့၏ သန္တာန်၌ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သောစိတ် ၈၇ ခုကို အာရုံပြု၏။

ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဏ်သည်။ ။ပုဗ္ဗေ နိဝုဋ္ဌ ဖြစ်သောအရဟတ္တမဂ်အရဟတ္တဖိုလ်ကြဉ်သောစိတ်၈၇,စေတသိက် ၅၂, ရုပ် ၂၈,ဟုဆိုအပ်သောခန္ဓာ ၅ ပါး-ထိုခန္ဓာ ၅ ပါးမှအစဉ် လျောက်၍ သိအပ်သော နိဗ္ဗာန်, အမည်, အမျိုးစသော ပညတ်-၅ါ အာရုံ ၆ ပါးကို အာရုံပြု၏။

ယထာကမ္မူပဂ ကုသိုလ် အဘိညာဏ်သည်။ ။ အတိတ် ဖြစ်သော လောကီ ကုသိုလ်ကံ,အကုသိုလ်ကံကို အာရုံပြု၏။

အနာဂတံသ ကုသိုလ်အဘိညာဏ်သည်။ ။အနာဂတ်ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် ၈၇,စေတသိက် ၅၂, ရုပ် ၂၈,ဟုဆိုအပ်သော ခန္ဓာ ၅ ပါး-ထိုခန္ဓာ ၅ ပါးမှအစဉ်လျောက်၍ သိအပ်သော နိဗ္ဗာန်,အမည်,အမျိုးစသော ပညတ်- ဤအာရုံ ၆ ပါးကို အာရုံပြု၏။

ဉာဏသမ္ပယုတ္တ ကာမာဝစရ ကိရိယာနိစေဝ ကိရိယာ

ဘိညာ ဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

မနောဒွါရာဝဇ္ဇန်း,မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄, ကြိယာအဘိညာဏ်–ဤ ၆ ပါးသော စိတ် တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် ၈၉,စေတသိက် ၅၂,ရုပ် ၂၈,ကာလ ဝိမုတ်ဖြစ်သော နိဗ္ဗာန်,ပညတ်-ဤအာရုံ ၆ ပါးတို့တွင် တပါးပါးကို အာရုံပြု၏။

•••○◯○•••

ကြိယာ အဘိညာဏ်သည်။ ။ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, ဣဒ္ဓိဝိဓ, စေတော ပရိယ,ပုဗ္ဗေနိဝါသာနုဿတိ,ယထာကမ္မုပဂ,အနာဂတံသ ကြိယာအဘိညာဏ်ဟူ၍ ၇ ပါး အပြားရှိ၏။ ထိုတွင်၊....

ဒိဗ္ဗစက္ခုကြိယာ အဘိညာဏ်သည်။ ။ဒူရ၊လ၊ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။

ဒိဗ္ဗသောတကြိယာအဘိညာဏ်သည်။ ။ဒူရ၊လ၊ပစ္စုပ္ပန် သဒ္ဒါရုံ ကို အာရုံပြု၏။

ဣဒ္ဓိဝိဓကြိယာအဘိညာဏ်သည်။ ။ ပါဒကဖြစ်သော ရူပကြိယာ ပဉ္စမဈာန်နှင့် သတ သဟဿ စသော နိမ္မိတရုပ်ကို အာရုံပြု၏။

စေတောပရိယကြိယာ အဘိညာဏ်သည်။ ။ လွန်လေပြီးသော၊လ၊ ပိတ် ၈၉ ခုကို အာရုံပြု၏။

ပုဗ္ဗေနိဝါသာနုဿတိကြိယာ အဘိညာဏ်သည်။ ။ ပုဗ္ဗေနိဝုဋ္ဌ ဖြစ်သောစိတ် ၈၉၊ ၅၅၊ ပညတ်–ဤအာရုံ ၆ ပါးကိုအာရုံပြု၏။

ယထာကမ္မုပဂ ကြိယာ အဘိညာဏ်သည်။ ။ အတိတ် ဖြစ်သော လောကီ ကုသိုလ်ကံ,အကုသိုလ်ကံကို အာရုံပြု၏။

အနာဂတံသကြိယာ အဘိညာဏ်သည်။ ။အနာဂတ်ဖြစ်သော စိတ် ၈၉၊၅၅၊ပညတ်-ဤအာရုံ ၆ ပါးကို အာရုံပြု၏။

**အာရုပ္ပေသု ဒုတိယ စတုတ္ထာနိ မဟဂ္ဂတာ ရမ္မဏာနိ**

ဝိညာဏဉ္စာယတန ကုသိုလ်,ဝိပါက်သည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၏။

ဝိညာဏဉ္စာယတန ကြိယာသည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်,ကြိယာ ၂ ပါးတို့တွင် တပါးပါးကိုအာရုံပြု၏။

နေဝသညာနာသညာယတနကုသိုလ်, ဝိပါက်သည် အတိတ်ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်ကို အာရုံပြု၏။

နေဝသညာနာသညာယတန ကြိယာသည် အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ်,ကြိယာ ၂ ပါးတို့တွင် တပါးပါးကို အာရုံပြု၏။

**သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။ ။**

ရူပါဝစရ ပထမဈာန်စိတ် ၃ ခုသည်။ ။ကသိုဏ်းပညတ် ၁၀ ပါး, အသုဘ ပညတ် ၁၀ ပါး, ကာယဂတာသတိ၏ အာရုံ ဖြစ်သော ဆံပင်အစရှိသော ကာယကောဋ္ဌာသပညတ်,အာနာပါနဿတိ ၏ အာရုံဖြစ်သောထွက်သက် ဝင်သက် ပညတ်,မေတ္တာ၏အာရုံ ဖြစ်သော ချမ်းသာသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်,ကရုဏာ၏

အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါ ပညတ်, မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်-ဤ ၂၅ ပါးသော ပညတ်အာရုံတို့တွင် တပါးပါးကို အာရုံပြု၏။

**ရူပါဝစရ ဒုတိယဈာန်စိတ် ၃ ခု,တတိယ ဈာန်စိတ် ၃ ခု, စတုတ္ထဈာန်စိတ် ၃ ခုသည်။** ။ကသိုဏ်းပညတ် ၁၀ ပါး,အာနာပါနသတိ၏အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်,မေတ္တာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်, ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါ ပညတ်, မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါ ပညတ်-ဤ ၁၄ ပါးသော ပညတ် အာရုံတို့တွင် တပါးပါးကို အာရုံပြု၏။

**ရူပါဝစရပဉ္စမဈာန်စိတ် ၃ ခုသည်။** ။ ကသိုဏ်း ပညတ် ၁၀ ပါး,အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်,ဥပေက္ခာ၏အာရုံဖြစ်သော ခပ်သိမ်းသောသတ္တဝါပညတ် ဤ ၁၂-ပါးသော ပညတ်အာရုံတို့တွင် တပါးပါးကို အာရုံပြု၏။

**အာကာသာ နဉ္စာယတန စိတ် ၃-ခုသည်။** ။အာကာသ ကသိုဏ်း ကြဉ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွာ၍ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု၏။

**အာကိဉ္စညာယတနစိတ်၃-ခုသည်။** ။အာကာသာနဉ္စာယတနဈာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြု၏၊

**လောကုတ္တရ စိတ္တာနိ နိဗ္ဗာနာ ရမ္မဏာနိ**

လောကုတ္တရာစိတ် ၈-ခုသည် နိဗ္ဗာန်ကို အာရုံပြု၏၊

ပဉ္စဝီသ ပရိတ္တမှိ၊ ဆစိတ္တာနိ မဟဂ္ဂတေ။
ဧကဝီသတိ ဝေါဟာရေ၊ အဋ္ဌနိဗ္ဗာန ဂေါစရေ။ ။
ဝီသာ နုတ္တရမုတ္တမှိ၊ အဂ္ဂ မဂ္ဂ ဖလုဇ္ဈိတေ။
ပဉ္စ သဗ္ဗတ္ထ ဆစ္စေတိ၊ သတ္တဓာ တတ္ထ သင်္ဂဟော။ ။

## ပဉ္စဝီသပရိတ္တမှိ ၌

ပဉ္စဝီသအရကား။ ။ဒွေးပဉ္စဝိညာဏ် ၁၀,ခနောခတ်၃-ခု,သန္တီရဏစိတ်၃-ခု,မဟာဝိပါက်စိတ်၈-ခု,ဟသိတုပ္ပါဒ်တည်း။

ပရိတ္တမှိအရကား။ ။ကာမစိတ်၅၄,စေတသိက်၅၂,ရုပ် ၂၈ ခုဟု ဆိုအပ်သော ကာမအာရုံ ၆ ပါး တည်း။

## ဆ စိတ္တာနိ မဟဂ္ဂတေ ၌

ဆ စိတ္တာနိ အရကား။ ။ ဝိညာဏဉ္စာယတန စိတ် ၃-ခု, နေဝသညာ နာသညာယတန စိတ် ၃ ခုတည်း။

မဟဂ္ဂတေအရကား။ ။အာကာသာနဉ္စာယတန ကုသိုလ်,ကြိယာ၊ အာကိဉ္စညာယတန ကုသိုလ်, ကြိယာဟု ဆိုအပ်သော မဟဂ္ဂုတ် အာရုံတည်း။

## ဧကဝီသတိဝေါဟာရေ ၌

ဧကဝီသတိအရကား။ ။အဘိညာဏ်ဒွေးမှတပါး ရူပစိတ် ၁၅-ခု, အာကာသာနဉ္စာယတနစိတ် ၃-ခု,အာကိဉ္စညာ ယတနစိတ် ၃-ခု တည်း။

ဝေါဟာရေ အရကား။ ။ ၂၈-ပါးသောပညတ်အာရုံတည်း။

## အဋ္ဌနိဗ္ဗာန ဂေါစရေ ၌

အဋ္ဌ အရကား။ ။လောကုတ္တရာစိတ် ၈ ခုတည်း။

နိဗ္ဗာနဂေါစရေ အရကား။ ။ နိဗ္ဗာန်အာရုံဘည်း။

## ဝီသာနုတ္တရ မုတ္တမှိ ၌

ဝီသအရကား။ ။အကုသိုလ်စိတ် ၁၂, မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ခု,မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄-ခုတည်း။

အနုတ္တရမုတ္တမှိ အရကား။ ။ လောကီစိတ် ၈၁,စေတသိက် ၅၂, ရုပ် ၂၈,ကာလဝိမုတ်ဖြစ်သော ပညတ်တည်း။

## အင်္ဂ မဂ္ဂ ဖလုပ္ပဝတ္တေ ပဉ္စ ၌

ပဉ္စ အရကား။ ။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု, ကုသိုလ်အဘိညာဏ်တည်း။

အင်္ဂမဂ္ဂဖလုပ္ပဝတ္တေ အရကား။ ။ အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သောစိတ် ၁၇, စေတသိက် ၅၂, ရုပ် ၂၀, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်,ပညတ်တည်း။

## သဗ္ဗတ္ထ ဆဋ္ဌေ တိ ၌

ဆ အရကား။ ။မနောဒွါရာဝဇ္ဇန်း,မဟာကြိယာဉာဏသမ္ပယုတ်စိတ်- ၄ ခု,ကြိယာအဘိညာဏ်တည်း။

သဗ္ဗတ္ထ အရကား။ ။စိတ် ၈၉, စေတသိက် ၅၂,ရုပ် ၂၀,ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်,ပညတ်တည်း။

---

## အာရုံဖြင့်မှတ်၍ အာရမ္မဏိကသရုပ်ခွဲနည်း

ဒွါဒသ အရကား။ ။တဒါရုံ ၁၁,ဟသိတုပ္ပါဒ်တည်း။

ဝီသ အရကား။ ။အကုသိုလ်စိတ် ၁၂, မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄,မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄-ခုတည်း။

ပဉ္စအရကား။ ။မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု,ကုသိုလ် အဘိညာဏ်တည်း။

ဆ အရကား။ ။မနောဒွါရာဝဇ္ဇန်း, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု,ကြိယာ အဘိညာဏ်တည်း။

ဆေဝီသတိအရကား။ ။အဘိညာဏ်ဒွေးကြဉ်သော ရူပစိတ်၁၅, အာကာသာနဉ္စာယတန စိတ် ၃-ခု, အာကိဉ္စညာယတနစိတ် ၃-ခုတည်း။

ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုနိုင်သော စိတ်ကား ၄၈။ ။စက္ခုဝိညာဏ်ဒွေး,မနောဓာတ် ၃-ခု, ဒွါဒသ,ဝီသ,ပဉ္စ, ဆ, တည်း။ ဝါ-စက္ခုဝိညာဏ်ဒွေး,မနောဓာတ် ၃-ခု,မနောဒွါရာဝဇ္ဇန်း,ကာမဇော ၂၉, တဒါရုံ ၁၁,အဘိညာဏ်ဒွေးတည်း။

ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြုနိုင်သော စိတ်ကား ၄၈။ ။ သောတ ဝိညာဏ်ဒွေး,မနောဓာတ်၃-ခု,ဒွါဒသ,ဝီသ,ပဉ္စ,ဆ,တည်း။

ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြုနိုင်သော စိတ်ကား ၄၈။ ။ဃာနဝိညာဏ်ဒွေး,မနောဓာတ် ၃-ခု,ဒွါဒသ,ဝီသ,ပဉ္စ,ဆ,တည်း။

ပစ္စုပ္ပန် ရသာရုံကို အာရုံပြုနိုင်သောစိတ်ကား ၄၈။ ။ ဇိဝှါဝိညာဏ်ဒွေး,မနောဓာတ် ၃-ခု,ဒွါဒသ,ဝီသ,ပဉ္စ,ဆ,တည်း။

ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုနိုင်သော စိတ်ကား ၄၈။ ။ ကာယဝိညာဏ်ဒွေး,မနောဓာတ် ၃-ခု,ဒွါဒသ,ဝီသ,ပဉ္စ,ဆ,တည်း။ ဝါ–ကာယဝိညာဏ်ဒွေး, မနောဓာတ် ၃-ခု,မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉,တဒါရုံ ၁၁,အဘိညာဏ်ဒွေးတည်း။

ကာမစိတ် ၅၄, စေတသိက် ၅၂, ပစ္စုပ္ပန် ပဉ္စာရုံ ကြဉ်သော ရုပ် ၂၈, ဤကာမအာရုံ ၆ ပါးကို အာရုံပြုနိုင်သောစိတ်ကား ၄၃-ဒွါဒသ,ဝီသ,ပဉ္စ,ဆ,တည်း။ဝါ-မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉, တဒါရုံ ၁၁,အဘိညာဏ်ဒွေးတည်း။

ရူပစိတ် ၁၅-ခု နာမက္ခန္ဓာဓမ္မာရုံကို အာရုံပြုနိုင်သောစိတ်ကား ၃၁-ဝီသ,ပဉ္စ,ဆ,တည်း။ ဝါ-မနောဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်ဇော ကြဉ်သော ကာမဇော ၂၈, အဘိညာဏ်ဒွေးတည်း။

အာကာသာနဉ္စာယတန ကုသိုလ် နာမက္ခန္ဓာဓမ္မာရုံကို အာရုံပြုနိုင်သောစိတ်ကား ၃၄-ဝီသ,ပဉ္စ,ဆ, ဝိညာဏဉ္စာယတနစိတ် ၃

ခုတည်း။ဝါ-မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်ဇောကြဉ် ကာမဇော ၂၈,အဘိညာဏ်ဒွေး,ဝိညာဏဉ္စာယတန စိတ် ၃ ခုတည်း။

အာကိဉ္စညာယတန ကုသိုလ် နာမက္ခန္ဓာ ဓမ္မာရုံကို အာရုံပြုနိုင်သော စိတ်ကား ၃၄-ဝိသ,ပဉ္စ,ဆ, နေဝသညာ နာသညာယတနစိတ် ၃ ခု တည်း။ ဝါ-မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ် ဇောကြဉ် ကာမဇော ၂၈, အဘိညာဏ်ဒွေး, နေဝသညာ နာသညာ ယတန စိတ် ၃ ခုတည်း။

အာကာသာနဉ္စာယတန ကြိယာ နာမက္ခန္ဓာ ဓမ္မာရုံကို အာရုံပြုနိုင်သောစိတ်ကား၃၂-ဝိသ,ပဉ္စ,ဆ,ဝိညာဏဉ္စာယတန ကြိယာတည်း။ ဝါ-မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ် ဇောကြဉ် ကာမဇော ၂၈,အဘိညာဏ်ဒွေး,ဝိညာဏဉ္စာ ယတန ကြိယာတည်း။

အာကိဉ္စညာ ယတနကြိယာ နာမက္ခန္ဓာ ဓမ္မာရုံကို အာရုံပြုနိုင်သော စိတ်ကား ၃၂-ဝိသ,ပဉ္စ,ဆ, နေဝသညာ နာသညာ ယတန ကြိယာတည်း။ ဝါ-မနောဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်ဇောကြဉ် ကာမဇော ၂၈,အဘိညာဏ်ဒွေး,နေဝသညာ နာသညာယတန ကြိယာတည်း။

ဝိညာဏဉ္စာယတနကုသိုလ်, နေဝသညာ နာသညာယတန ကုသိုလ်,အရူပဝိပါက် ၄,ဝိညာဏဉ္စာယတနကြိယာ,နေဝသညာ နာသညာယတကြိယာ နာမက္ခန္ဓာ ဓမ္မာရုံကို အာရုံပြုနိုင်သော စိတ်ကား ၃၁-ဝိသ,ပဉ္စ,ဆ,တည်း။ဝါ- မနောဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်ဇောကြဉ် ကာမဇော ၂၈,အဘိညာဏ်ဒွေးတည်း။

အောက်မဂ် ၃ ခု အောက်ဖိုလ် ၃ ခု နာမက္ခန္ဓာ ဓမ္မာရုံကိုအာရုံ ပြုနိုင်သောစိတ်ကား ၁၁-ပဉ္စ,ဆ,တည်း။ဝါ-မနောဒွါရာဝဇ္ဇန်း

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု, အဘိညာဏ်ခွေးတည်း။

အရဟတ္တမဂ်,အရဟတ္တဖိုလ် နာမက္ခန္ဓာ ဓမ္မာရုံကို အာရုံပြုနိုင်သောစိတ်ကား ၆-ဆ,တည်း။ဝါ-မနောဒွါရာဝဇ္ဇန်း, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ခု,ကြိယာ အဘိညာဏ်တည်း။

နိဗ္ဗာန် ဓမ္မာရုံကို အာရုံပြုနိုင်သော စိတ်ကား ၁၉–အဋ္ဌ,ပဥ္စ,ဆ, တည်း၊ ဝါ-လောကုတ္တရာစိတ် ၈ ခု,မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ခု, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ခု, အဘိညာဏ်ခွေးတည်း။

ပညတ် ဓမ္မာရုံကိုအာရုံပြုနိုင်သော စိတ်ကား ၅၂–ကောဝိသတိ, ဝိသ,ပဥ္စ,ဆ,တည်း။ ဝါ-အဘိညာဏ်ခွေးမှတပါး ရူပစိတ် ၁၅ခု, အာကာသာနဉ္စာ ယတနစိတ် ၃ ခု, အာကိဉ္စညာ ယတနစိတ် ၃ ခု,မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်ဖောကြဉ် ကာမဇော ၂၀,အဘိညာဏ်ခွေးတည်း။

## ဝတ္ထုသင်္ဂဟ

ဝတ္ထုကား ၆ ပါး။ ။ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါ ဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုတည်း။

ကာမ ၁၁ ဘုံ၌ ရကောင်းသောဝတ္ထုကား ၆ ပါး-စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု တည်း။ ။မရကောင်းသော ဝတ္ထုကား မရှိ။

အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ရကောင်းသော ဝတ္ထု ကား ၃-စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထု တည်း။ ။မရ ကောင်းသော ဝတ္ထုကား ၃-ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယ ဝတ္ထု တည်း။

အရူပဘုံ၌ ရကောင်းသော ဝတ္ထုကား မရှိ။
စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝတ္ထုကို မှီ၍သာဖြစ်၏။
သောတဝိညာဏ်ဒွေးသည် သောတဝတ္ထုကို မှီ၍သာဖြစ်၏။
ဃာနဝိညာဏ်ဒွေးသည် ဃာနဝတ္ထုကိုမှီ၍သာဖြစ်၏။
ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝတ္ထုကို မှီ၍သာဖြစ်၏။
ကာယဝိညာဏ်ဒွေးသည် ကာယဝတ္ထုကို မှီ၍သာဖြစ်၏။
ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေးဟု ဆိုအပ်သော မနောဓာတ် ၃ ခုသည် ဟဒယဝတ္ထုကို မှီ၍သာဖြစ်၏။

ဒေါသမူဒွေး, သန္တီရဏစိတ် ၃ ခု, ဟသိတုပ္ပါဒ်, မဟာဝိပါက် စိတ် ၈ ခု, ရူပစိတ် ၁၅ ခု, သောတာပတ္တိမဂ်-ဤ ၃၀ သော မနော ဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို မှီ၍သာဖြစ်ကုန်၏။

လောဘမူစိတ် ၈ ခု, ဒေါသမူဒွေး, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်စိတ် ၈, မဟာကြိယာစိတ် ၈, အရူပကုသိုလ်စိတ် ၄, အရူပကြိယာစိတ် ၄, သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇-ဤ ၄၂ ပါးသော မနောဝိညာဏဓာတ်တို့သည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကို မှီ၍ဖြစ်ကုန်၏။ ။အရူပဘုံ၌ ဖြစ်သောအခါ မမှီဘဲဖြစ်ကုန်၏။

အရူပဝိပါက်စိတ် ၄ ခုသည် ဟဒယဝတ္ထုကို မမှီမူ၍သာလျှင် ဖြစ်၏။

ဆ ဝတ္ထုံ နိဿိတာ ကာမေ၊ သတ္တ ရူပေ စတုဗ္ဗိဓာ။
တိ ဝတ္ထုံ နိဿိတာ ရူပေ၊ ဓာတွေကာ နိဿိတာ မတာ။ ။
တေစတ္တာလီသ နိဿာယ၊ ဒွေစတ္တာလီသ ဇာယရေ။
နိဿာယစ အနိဿာယ၊ ပါကာရုပ္ပါ အနိဿိတာ။ ။

## ဆဝတ္ထုံ နိဿိတာ ကာမေ သတ္တ ၌

ကာမေ အရကား- ကာမ ၁၁ ဘုံတည်း၊

သတ္တအရကား- စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မဟဂ္ဂုတ်ဝိပါက် ၉ ခု ကြဉ်သော မနောဝိညာဏဓာတ် ၆၇ ခုတည်း။

ဆဝတ္ထုံအရကား- ဝတ္ထုရုပ် ၆ ပါးတည်း။

## ရူပေ စတုဗ္ဗိဓာ တိဝတ္ထုံနိဿိတာ ၌

ရူပေ အရကား- အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံတည်း၊

စတုဗ္ဗိဓာ အရကား- စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်၊ မနောဓာတ်, ဒေါသမူဒွေး, မဟာဝိပါက်စိတ် ၈, အရူပဝိပါက်စိတ် ၄ ခု ကြဉ်သော မနောဝိညာဏဓာတ် ၆၂ ခု တည်း။

တိဝတ္ထုံအရကား- စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထုတည်း၊

## အရူပေ ဓာတွေကာ နိဿိတာ မတာ ၌

အရူပေ အရကား- အရူပ လေးဘုံတည်း။

ကေဓာတုကာအရကား-မနောဝိညာဏဓါတ်တည်း။ ဝါ-လောဘမူစိတ် ၈ ခု,မောဟမူဒွေး,မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်စိတ် ၈ ခု,မဟာကြိယာစိတ် ၈ ခု, အရူပစိတ် ၁၂ ခု, သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇ ခုဟုဆိုအပ်သောမနောဝိညာဏဓါတ် ၄၆ ခုတည်း။

## တေစတ္တာလီသ နိဿာယ ၌

တေ စတ္တာလီသ အရကား- ဒေါသမူဒွေး, မနောဒွါရာဝဇ္ဇန်း ကြဉ်သော အဟိတ်စိတ် ၁၇,မဟာဝိပါက်စိတ် ၈, ရူပစိတ်၁၅, သောတာပတ္တိမဂ်စိတ်တည်း။

## ဒွေစတ္တာလီသ ဇာယရေ နိဿာယစ အနိဿာယ ၌

ဒွေစတ္တာလီသ အရကား-လောဘမူစိတ် ၈, မောဟမူဒွေး, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်စိတ် ၈, မဟာကြိယာစိတ် ၈, အရူပကုသိုလ် ၄, အရူပကြိယာစိတ် ၄, သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇ ခုတည်း။

## ပါကာရုပ္ပါအနိဿိတာ ၌

ပါကာရုပ္ပါအရကား- အရူပဝိပါက်စိတ် ၄ ခုတည်း။

ပကိဏ်းပိုင်းပြီး၏။

## အကုသိုလ်စိတ် ၁၂

လောဘမူ ပထမဒွေး, ဒုတိယဒွေးသည် သောမနဿဝေဒနာနှင့်တကွဖြစ်သောကြောင့် သောမနဿ သဟဂုတ်စိတ်မည်၏။

လောဘမူတတိယဒွေး,စတုတ္ထဒွေး,မောဟမူဒွေးသည် ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သောကြောင့် ဥပေက္ခာသဟဂုတ်စိတ်မည်၏။

ဒေါသမူဒွေးသည်ဒေါမနဿ ဝေဒနာနှင့်တကွဖြစ်သောကြောင့် ဒေါမနဿ သဟဂုတ်စိတ်မည်၏။ **ဤကား ဝေဒနာဘေဒ။**

လောဘမူစိတ် ၈ ခုသည် လောဘ,မောဟ,ဟိတ် ၂ပါးရှိသောကြောင့် ဒွိဟိတ်စိတ် မည်၏။

ဒေါသမူဒွေးသည် ဒေါသ,မောဟ,ဟိတ် ၂ ပါးရှိသောကြောင့် ဒွိဟိတ်စိတ်မည်၏။

မောဟမူဒွေးသည် မောဟဟိတ် ၁ ပါးသာရှိသောကြောင့် ဧကဟိတ်စိတ်မည်၏။ **ဤကား ဟေတုဘေဒ။**

အကုသိုလ်စိတ် ၁၂ ခုသည် ဇောကိစ္စတပ်၏။ **ဤကား ကိစ္စဘေဒ။**

အကုသိုလ်စိတ် ၁၂ ခုသည် ၆ ဒွါရ၌ဖြစ်၏။ **ဤကား ဒွါရဘေဒ။**

**အကုသိုလ်စိတ် ၁၂ ခု သည်**

စက္ခုဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏။
သောတဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၏။
ဃာနဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြု၏။
ဇိဝှါဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ရသာရုံကို အာရုံပြု၏။
ကာယဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

မနောဒွါရ၌ဖြစ်သောအခါ ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော လောကီစိတ် ၈၁,စေတသိက် ၅၂,ရုပ် ၂၈,ကာလဝိမုတ်ဖြစ်သော ပညတ်-ဤအာရုံ ၆ ပါးတို့တွင် တပါးပါးကို အာရုံပြု၏။ **ဤကား အာရမ္မဏဘေဒ။**

လောဘမူစိတ် ၈ ခု,မောဟမူနှစ်ပါးသည် ပဋ္ဌဝါကာရ ဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုကိုမှီ၍ ဖြစ်၏။ အရူပဘုံ၌ ဖြစ်သော အခါ မမှီဘဲဖြစ်၏။

ဒေါသမူနှစ်ပါးသည် ဟဒယဝတ္ထုကိုမှီ၍သာဖြစ်၏။ ဤကား ဝတ္ထုဘေဒ။

---

## အဟိတ်စိတ် ၁၈

သုခသဟဂုတ် ကာယဝိညာဏ် စိတ်သည် သုခဝေဒနာနှင့် တကွ ဖြစ်သောကြောင့် သုခသဟဂုတ်စိတ်မည်၏။

ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်သည်ဒုက္ခဝေဒနာနှင့်တကွ ဖြစ်သောကြောင့် ဒုက္ခသဟဂုတ်စိတ်မည်၏။

သောမနဿ သဟဂုတ် သန္တီရဏ,ဟသိတုပ္ပါဒ် စိတ်သည် သောမနဿ ဝေဒနာနှင့်တကွဖြစ်သောကြောင့် သောမနဿသဟဂုတ် စိတ်မည်၏။

စက္ခုဝိညာဏ်နှစ်ပါး, သောတဝိညာဏ်နှစ်ပါး, ဃာနဝိညာဏ်နှစ်ပါး, ဇိဝှါဝိညာဏ် နှစ်ပါး,သမ္ပဋိစ္ဆိုန်းနှစ်ပါး,ဥပေက္ခာသဟဂုတ် သန္တီရဏ နှစ်ပါး, အာဝဇ္ဇန်းနှစ်ပါးသည် ဥပေက္ခာ ဝေဒနာနှင့် တကွ ဖြစ်သောကြောင့် ဥပေက္ခာသဟဂုတ်စိတ်မည်၏။ ဤကား ဝေဒနာဘေဒ။

အဟိတ်စိတ် ၁၈ ခုသည် ဟိတ်မရှိသောကြောင့် အဟိတ်စိတ် မည်၏။ ဤကား ဟေတုဘေဒ။

စက္ခုဝိညာဏ်နှစ်ပါးသည် ဒဿန ကိစ္စတပ်၏။
သောတဝိညာဏ်နှစ်ပါးသည် သဝန ကိစ္စတပ်၏။
ဃာနဝိညာဏ်နှစ်ပါးသည် ဃာယန ကိစ္စတပ်၏။

ဇိဝှါဝိညာဏ်နှစ်ခုသည်   သာယန   ကိစ္စတပ်၏။
ကာယဝိညာဏ်နှစ်ခုသည်   ဖုသန   ကိစ္စတပ်၏။
သမ္ပဋိစ္ဆိုန်းနှစ်ခုသည်   သမ္ပဋိစ္ဆိုန်း   ကိစ္စတပ်၏။

ဥပေက္ခာသဟဂုတ် သန္တီရဏနှစ်ခုသည် ပဋိသန္ဓေ ကိစ္စ,ဘဝင် ကိစ္စ,စုတိကိစ္စ,သန္တီရဏကိစ္စ, တဒါရုံကိစ္စ,အားဖြင့် ၅ ကိစ္စတပ်၏။

သောမနဿ သဟဂုတ် သန္တီရဏစိတ်သည် သန္တီရဏကိစ္စ, တဒါရုံကိစ္စအားဖြင့် ၂ ကိစ္စတပ်၏။

ပဉ္စဒွါရာဝဇ္ဇန်းစိတ် သည် အာဝဇ္ဇန်းကိစ္စတပ်၏။

မနောဒွါရာ ဝဇ္ဇန်းစိတ်သည် ဝုဋ္ဌောကိစ္စ,အာဝဇ္ဇန်းကိစ္စအားဖြင့် ၂ ကိစ္စတပ်၏။

ဟသိတုပ္ပါဒ်စိတ်သည် ဇောကိစ္စတပ်၏။ ဤကား ကိစ္စဘေဒ။

စက္ခုဝိညာဏ်နှစ်ခုသည်   စက္ခုဒွါရ၌သာ   ဖြစ်၏။
သောတဝိညာဏ်နှစ်ခုသည်   သောတဒွါရ၌သာ   ဖြစ်၏။
ဃာနဝိညာဏ်နှစ်ခုသည်   ဃာနဒွါရ၌သာ   ဖြစ်၏။
ဇိဝှါဝိညာဏ်နှစ်ခုသည်   ဇိဝှါဒွါရ၌သာ   ဖြစ်၏။
ကာယဝိညာဏ်နှစ်ခုသည်   ကာယဒွါရ၌သာ   ဖြစ်၏။

ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းနှစ်ခုသည်   ပဉ္စဒွါရ၌သာ ဖြစ်၏။ ဝါ-၅-ဒွါရ၌သာဖြစ်၏။

ဥပေက္ခာ သဟဂုတ် သန္တီရဏနှစ်ခုသည် ပဋိသန္ဓေကိစ္စ,ဘဝင် ကိစ္စ,စုတိကိစ္စ တပ်သောအခါ ၆ ဒွါရမှ လွတ်၏။

သန္တီရဏ ကိစ္စ တပ်သောအခါ ၅ ဒွါရ၌ဖြစ်၏။
တဒါရုံကိစ္စ တပ်သောအခါ ၆ ဒွါရ၌ဖြစ်၏။

သောမနဿ သဟဂုတ် သန္တီရဏစိတ်သည် သန္တီရဏကိစ္စ တပ်သောအခါ ၅ ဒွါရ၌ ဖြစ်၏။ ။ တဒါရုံ ကိစ္စတပ်သောအခါ ၆ ဒွါရ၌ ဖြစ်၏။

မနောဒွါရာဝဇ္ဇန်းစိတ်သည် ဝုဋ္ဌောကိစ္စ တပ်သောအခါ ၅ ဒွါရ၌ဖြစ်၏။ ။အာဝဇ္ဇန်းကိစ္စ တပ်သောအခါ မနောဒွါရ၌ဖြစ်၏။

ဟသိတုပ္ပါဒ်စိတ်သည် ၆ ဒွါရ၌ဖြစ်၏။ ဤကား ဒွါရဘေဒ။

စက္ခုဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏။ လ ။ ကာယဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

## မနောဓါတ် ၃ ခုသည်

စက္ခုဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏။ လ။ ကာယဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

ဥပေက္ခာသဟဂုတ် သန္တီရဏဒွေးသည် ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,စုတိ ကိစ္စတပ်၍ ဒွါရမှလွတ်သောအခါ ကံ,ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြု၏။ ။ သန္တီရဏကိစ္စ, တဒါရုံကိစ္စ တပ်၍ ပဉ္စဒွါရ၌ဖြစ်သော အခါ ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။ ။ တဒါရုံကိစ္စသာတပ်၍ မနောဒွါရ၌ ဖြစ်သော အခါ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော ကာမစိတ် ၅၄, စေတသိက် ၅၂,ရုပ် ၂၈-ဤကာမအာရုံ ၆-ပါးတို့တွင် တပါးပါးကိုအာရုံပြု၏။

သောမနဿ သဟဂုတ် သန္တီရဏစိတ်သည် သန္တီရဏကိစ္စ, တဒါရုံကိစ္စ တပ်၍ ပဉ္စဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။ ။တဒါရုံကိစ္စသာ တပ်၍ မနောဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော ကာမစိတ် ၅၄, စေတသိက် ၅၂,ရုပ် ၂၈-ဤကာမ အာရုံ ၆-ပါးတို့တွင်တပါးပါးကိုအာရုံပြု၏။

မနောဒွါရာဝဇ္ဇန်းစိတ်သည် ဝုဋ္ဌောကိစ္စတပ်၍ ပဉ္စဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။ ။အာဝဇ္ဇန်းကိစ္စ တပ်၍ မနောဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် ၈၉, စေတသိက် ၅၂, ရုပ် ၂၈, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်-ဤအာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၏။

ဟသိတုပ္ပါဒ်စိတ်သည် ပဉ္စဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။ ။မနောဒွါရ၌ဖြစ်သောအခါ ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော ကာမစိတ် ၅၄, စေတသိက် ၅၂, ရုပ် ၂၈-ဤ ကာမအာရုံ ၆- ပါး တို့ တွင် တပါးပါးကို အာရုံပြု၏။ ဤကား အာရမ္မဏဘေဒ။

စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝတ္ထုကို မှီ၍သာဖြစ်၏။
သောတဝိညာဏ်ဒွေးသည် သောတဝတ္ထုကို မှီ၍သာဖြစ်၏။
ဃာနဝိညာဏ်ဒွေးသည် ဃာနဝတ္ထုကို မှီ၍သာဖြစ်၏။
ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝတ္ထုကို မှီ၍သာဖြစ်၏။
ကာယဝိညာဏ်ဒွေးသည် ကာယဝတ္ထုကို မှီ၍သာဖြစ်၏။

ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေး, သန္တီရဏစိတ် ၃-ခု, ဟသိတုပ္ပါဒ်စိတ်များသည် ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်၏။

မနောဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကို မှီ၍ ဖြစ်၏။ ။အရူပဘုံ၌ ဖြစ်သော အခါ မမှီဘဲဖြစ်၏။ ဤကား ဝတ္ထုဘေဒ။

## ကာမာဝစရသောဘဏာစိတ် ၂၄

မဟာကုသိုလ် ပထမနှစ်ခု၊ ဒုတိယနှစ်ခု၊ မဟာဝိပါက် ပထမနှစ်ခု၊ ဒုတိယနှစ်ခု၊ မဟာကြိယာ ပထမနှစ်ခု၊ ဒုတိယနှစ်ခုသည် သောမနဿ ဝေဒနာနှင့်တကွ ဖြစ်သောကြောင့် သောမနဿ သဟဂုတ်စိတ်မည်၏။

မဟာကုသိုလ် တတိယနှစ်ခု၊ စတုတ္ထနှစ်ခု၊ မဟာဝိပါက်တတိယနှစ်ခု၊ စတုတ္ထနှစ်ခု၊ မဟာကြိယာ တတိယနှစ်ခု၊ စတုတ္ထနှစ်ခုသည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သောကြောင့် ဥပေက္ခာသဟဂုတ်စိတ်မည်၏။ ဤကား ဝေဒနာဘေဒ။

မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄၊ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄-ခုသည် အလောဘ၊ အဒေါသ၊ ဟိတ် ၂-ပါးရှိသောကြောင့် ဒွိဟိတ်စိတ်မည်၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄၊ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်၄၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခုသည် အလောဘ၊ အဒေါသ၊ အမောဟ၊ ဟိတ် ၃-ပါးရှိသောကြောင့် တိဟိတ်စိတ်မည်၏။ ဤကား ဟေတုဘေဒ။

မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခုသည် ဇောကိစ္စ တပ်၏။

မဟာဝိပါက်စိတ် ၈-ခုသည် ပဋိသန္ဓေ ကိစ္စ, ဘဝင်ကိစ္စ, စုတိ ကိစ္စ,တဒါရုံကိစ္စ အားဖြင့် ၄-ကိစ္စ တပ်၏။ ဤကား ကိစ္စဘေဒ။

မဟာကုသိုလ်စိတ် ၈-ခု,မဟာကြိယာစိတ် ၈-ခုသည် ၆ ဒွါရ၌ဖြစ်၏။

မဟာဝိပါက်စိတ် ၈-ခုသည် ပဋိသန္ဓေ ကိစ္စ, ဘဝင် ကိစ္စ,စုတိ ကိစ္စ တပ်သောအခါ ၆-ဒွါရမှလွတ်၏။ ။တဒါရုံကိစ္စ တပ်သောအခါ ၆-ဒွါရ၌ဖြစ်၏။ ဤကား ဒွါရဘေဒ။

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုသည် ပဉ္စဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။ ။မနောဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော စိတ်၈၇,စေတသိက် ၅၂,ရုပ် ၂၈,ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်,ပညတ်-ဤအာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၏။

(မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ခုကို အကုသိုလ်စိတ်နှင့် အတူ ဆိုလေ။)

မဟာဝိပါက်စိတ် ၈-ခုသည် ပဋိသန္ဓေ ကိစ္စ, ဘဝင် ကိစ္စ, စုတိကိစ္စတပ်၍ ဒွါရမှလွတ်သောအခါ ကံ,ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြု၏။ ။တဒါရုံကိစ္စတပ်၍ ပဉ္စဒွါရ၌ ဖြစ်သောအခါ ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။ ။မနောဒွါရ

၌ဖြစ်သောအခါ ပစ္စုပ္ပန် အတိတ်, အနာဂတ် ဖြစ်သော ကာမ စိတ် ၅၄,စေတသိက် ၅၂,ရုပ် ၂၈-ဤကာမ အာရုံ ၆ ပါးတို့တွင် တပါးပါးကို အာရုံပြု၏။

(မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄-ခုကို အကုသိုလ်စိတ်နှင့် အတူ ဆိုလေ)

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခုသည် ပဥ္စဒွါရ၌ဖြစ် သောအခါ ပစ္စုပ္ပန် ပဥ္စာရုံကို အာရုံပြု၏။ ။မနောဒွါရ၌ဖြစ်သော အခါ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သောစိတ် ၈၉, စေတသိက် ၅၂, ရုပ် ၂၈,ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်,ပညတ်- ဤ အာရုံ ၆- ပါးတို့တွင် တပါးပါးကိုအာရုံပြု၏။ ဤကား အာရမ္မဏဘေဒ။

မဟာဝိပါက်စိတ် ၈-ခုသည် ဟဒယဝတ္ထုကို မှီ၍သာဖြစ်၏။

မဟာကုသိုလ်စိတ် ၈-ခု,မဟာကြိယာစိတ် ၈-ခုသည် ပဥ္စဝေါ ကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကိုမှီ၍ သာဖြစ်၏။ ။အရူပ ဘုံ၌ဖြစ်သောအခါ မမှီဘဲဖြစ်၏။ ဤကား ဝတ္ထုဘေဒ။

## ရူပါဝစရစိတ် ၁၅

ရူပါဝစရ ပဌမဈာန်စိတ် ၃,ဒုတိယဈာန်စိတ် ၃,တတိယဈာန် စိတ် ၃,စတုတ္ထဈာန်စိတ် ၃-ခုသည် သောမနဿ ဝေဒနာနှင့်တကွ ဖြစ်သောကြောင့် သောမနဿ သဟဂုတ် စိတ်မည်၏။

ရူပါဝစရ ပဥ္စမဈာန်စိတ် ၃ ခုသည် ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်သောကြောင့် ဥပေက္ခာသဟဂုတ်စိတ်မည်၏။ ဤကား ဝေဒနာ ဘေဒ။

ရူပါဝစရစိတ် ၁၅-ခုသည် အလောဘ,အဒေါသ,အမောဟ, ဟိတ် ၃-ပါးရှိသောကြောင့် တိဟိတ်စိတ်မည်၏။ ဤကား ဟေတု ဘေဒ။

ရူပါဝစရ ကုသိုလ်စိတ် ၅-ခု,ရူပါဝစရ ကြိယာစိတ် ၅-ခုသည် ဓောက်ဖွဘာပ်၏။

ရူပါဝစရ ဝိပါက်စိတ် ၅-ခုသည် ပဋိသန္ဓေ ကိစ္စ, ဘဝင်ကိစ္စ, စုတိ ကိစ္စ အားဖြင့် ၃-ကိစ္စတပ်၏။ ဤကား ကိစ္စဘေဒ။

ရူပါဝစရ ကုသိုလ်စိတ် ၅-ခု,ရူပါဝစရကြိယာစိတ် ၅-ခုသည် မနောဒွါရ၌သာ ဖြစ်၏။

ရူပါဝစရ ဝိပါက်စိတ် ၅ ခုသည် အခါခပ်သိမ်း ၆ ဒွါရမှ လွတ်၏။ ဤကား ဒွါရဘေဒ။

ရူပါဝစရ ပဌမဈာန်စိတ် ၃-ခုသည် ကသိုဏ်းပညတ် ၁၀-ပါး, အသုဘပညတ် ၁၀-ပါး,ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံ ပင် အစရှိသော ကာယကောဋ္ဌာသပညတ်, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်,မေတ္တာ၏ အာရုံဖြစ် သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်,ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တဝါပညတ်, မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတသတ္တဝါပညတ်-ဤ ၂၅-ပါး သော ပညတ်အာရုံတို့တွင် တပါးပါးကို အာရုံပြု၏။

ရူပါဝစရ ဒုတိယဈာန်စိတ် ၃-ခု, တတိယဈာန်စိတ် ၃ ခု, စတုတ္ထဈာန်စိတ် ၃-ခုသည် ကသိုဏ်းပညတ် ၁၀-ပါး,အာနာပါ နဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်, မေတ္တာ၏

အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်, ကရုဏာ၏အာရုံဖြစ်သောခပ်သိမ်းသော ဒုက္ခိတသတ္တဝါပညတ်, မုဒိတာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်-ဤ ၁၄ ပါးသော ပညတ်အာရုံတို့တွင် တပါးပါးကို အာရုံပြု၏။

ရူပါဝစရ ပဉ္စမဈာန်စိတ် ၃-ခုသည် ကသိုဏ်းပညတ် ၁၀-ပါး အာနာပါနသဿ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်, ဥပေက္ခာ၏အာရုံဖြစ်သောခပ်သိမ်းသော သတ္တဝါပညတ်-ဤ ၁၂ ပါးသော ပညတ်အာရုံတို့တွင် တပါးပါးကို အာရုံပြု၏။ ဤကား အာရမ္မဏဘေဒ။

ရူပါဝစရစိတ် ၁၅-ခုသည် ဟဒယဝတ္ထုကို မှီ၍သာဖြစ်၏။ ဤကား ဝတ္ထုဘေဒ။

## အရူပါဝစရစိတ် ၁၂

အရူပါဝစရစိတ် ၁၂ ခုသည် ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်သောကြောင့် ဥပေက္ခာ သဟဂုတ်စိတ်မည်၏။ ဤကား ဝေဒနာဘေဒ။

အရူပါဝစရစိတ် ၁၂ ခုသည် အလောဘ, အဒေါသ, အမောဟ, ဟိတ် ၃ ပါးရှိသောကြောင့် တိဟိတ်စိတ်မည်၏။ ဤကား ဟေတုဘေဒ။

အရူပါဝစရ ကုသိုလ်စိတ် ၄ ခု, အရူပါဝစရ ကြိယာစိတ် ၄ ခု သည် ဇောကိစ္စတပ်၏။

အရူပါဝစရ ဝိပါက်စိတ် ၄ ခုသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စအားဖြင့် ၃ ကိစ္စတပ်၏။ ဤကား ကိစ္စဘေဒ။

အရူပါဝစရ ကုသိုလ်စိတ် ၄ခု, အရူပါဝစရ ကြိယာစိတ် ၄ ခု သည် မနောဒွါရ၌သာ ဖြစ်၏။

အရူပါဝစရ ဝိပါက်စိတ် ၄ ခုသည် အခါခပ်သိမ်း ၆ ဒွါရမှ လွတ်၏။ ဤကား ဒွါရဘေဒ။

အာကာသာနဉ္စာယတနစိတ် ၃ ခုသည် အာကာသ ကသိုဏ်း ကြဉ်သော ကသိုဏ်း ၉ပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင် ပညတ်ကို အာရုံပြု၏။

ဝိညာဏဉ္စာ ယတန ကုသိုလ်, ဝိပါက်သည် အတိတ်ဖြစ်သော အာကာသာနဉ္စာ ယတန ကုသိုလ်ကို အာရုံပြု၏။

ဝိညာဏဉ္စာ ယတနကြိယာသည် အတိတ်ဖြစ်သောအာကာသာနဉ္စာ ယတနကုသိုလ်,ကြိယာ ၂ပါးတို့တွင်တပါးပါးကိုအာရုံပြု၏။

အာကိဉ္စညာ ယတန စိတ် ၃ ခုသည် အာကာသာနဉ္စာယတန ဈာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြု၏။

နေဝသညာ နာသညာ ယတနကုသိုလ်,ဝိပါက်သည် အတိတ်ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်ကို အာရုံပြု၏။

နေဝသညာ နာသညာ ယတနကြိယာသည် အတိတ်ဖြစ်သော အာကိဉ္စညာ ယတန ကုသိုလ်,ကြိယာ ၂ ပါးတို့တွင် တပါးပါးကို အာရုံပြု၏။ ဤကား အာရမ္မဏဘေဒ။

အရူပကုသိုလ်စိတ် ၄ ခု,အရူပကြိယာစိတ် ၄ ခုသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကို မှီ၍ဖြစ်၏။ အရူပဘုံ၌ ဖြစ်သောအခါ မမှီဘဲဖြစ်၏။

အရူပဝိပါက်စိတ် ၄ ခုသည် ဟဒယဝတ္ထုကိုမမှီဘဲဖြစ်၏။ ဤကား ဝတ္ထုဘေဒ။

## လောကုတ္တရာစိတ် ၈

လောကုတ္တရာ ပထမဈာန်စိတ် ၈, ဒုတိယဈာန်စိတ် ၈,တတိယ ဈာန်စိတ် ၈,စတုတ္ထဈာန်စိတ် ၈ ခုသည် သောမနဿ ဝေဒနာနှင့် တကွ ဖြစ်သောကြောင့် သောမနဿ သဟဂုတ်စိတ်မည်၏။

လောကုတ္တရာ ပဉ္စမဈာန်စိတ် ၈ ခုသည် ဥပေက္ခာ ဝေဒနာနှင့် တကွ ဖြစ်သောကြောင့် ဥပေက္ခာ သဟဂုတ်စိတ်မည်၏။ **ဤကား ဝေဒနာဘေဒ။**

လောကုတ္တရာစိတ် ၈ ခုသည်အလောဘ,အဒေါသ,အမောဟ, ဟိတ် ၃ ပါးရှိသော ကြောင့် တိဟိတ်စိတ် မည်၏။ **ဤကား ဟေတုဘေဒ။**

လောကုတ္တရာစိတ် ၈ ခုသည် ဇောကိစ္စတပ်၏။ **ဤကား ကိစ္စဘေဒ။**

လောကုတ္တရာစိတ် ၈ ခုသည် မနောဒွါရ၌ သာဖြစ်၏။ **ဤကား ဒွါရဘေဒ။**

လောကုတ္တရာစိတ် ၈ ခုသည် နိဗ္ဗာန်ကို အာရုံပြု၏။ **ဤကား အာရမ္မဏဘေဒ။**

သောတာပတ္တိမဂ်စိတ်သည် ဟဒယဝတ္ထုကို မှီ၍သာဖြစ်၏။

သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာစိတ် ၇ ခုသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယ ဝတ္ထုကို မှီ၍ဖြစ်၏။ အရူပဘုံ၌ဖြစ်သောအခါ မမှီဘဲဖြစ်၏။ **ဤကား ဝတ္ထုဘေဒ။**

**မူလတန်းသင်္ဂြိုဟ် ပထမဆင့် ပြီး၏။**

ပညာအလင်းပြ
စာပုံနှိပ်တိုက်
၁၃၀ ဗိုလ်ချုပ်လမ်း ရေကျော် ရန်ကုန်